
http://www.dhammadownload.com




# သုညတ တရား
# ကြိုးစားပြီး ဟောရစ်ပါကွာတဲ့

(၁၁-၉-၆၁)

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

သင်္ချာ(၄)ပါး တရားတော် အမှတ်စဉ် (၁၉) မှ


ထုတ်နုတ်ပုံနှိပ်ပါသည်။

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂ ပါး၊ ထင်ရှားပေါ်လွင် မှတ်အစဉ်

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏

ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊ ဗြဟ္မာ-သိကြား စသည်များက၊ ထင်ရှားပြပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များရွာ၊ သတ္တဝါတို့ ဖြစ်လာရမှု၊ မဟုတ်ဟု ဉာဏ်ဖြင့်ရှုရှုမျှော်။

(လက်ဝဲဆောင်ပုဒ်) မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွတ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

http://www.dhammadownload.com

## "သုညတတရားကြီး စားပြီး ဟောရစ်ပါကွာ-တဲ့"

(၁၁-၉-၆၁)

အားလုံး ဒကာဒကာမတွေ သုညတတရားနာရမှ အဖိုးတန်မယ်လို့ဆိုတာ မှတ်ထားကြပါ....(မှန်ပါ)။

ဘာတရားနာရမလဲ (သုညတတရား နာရပါမယ်) သုညတတရား နာရမှ သုညတနိဗ္ဗာန် ရောက်မယ်....(မှန်ပါ)။

သုညတတရား နာရမှ.... (သုညတနိဗ္ဗာန် ရောက်မှာပါဘုရား)။

ဩော်....ဒါဖြင့် သုညတဟာ တော်တော် အရေးကြီးတဲ့ထရားပါကလားဆိုတဲ့ဥစ္စာ ဒကာဒကာမတွေ မှတ်ထားဖို့ပါပဲ (မှန်ပါ)။

ကိုင်း.... ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုက မောဃရာဇ ရဟန်းကို ဟောထားလိုက်တာ.... "ဟေ....မင်း,... မသေရာသွားချင်လို့ရှိရင် သုညတ ဆိုက်အောင် လုပ်စမ်းပါကွာ"တဲ့....(မှန်ပါ) မအိုရာ၊ မနာရာ၊ မသေရာ သွားချင်လို့ရှိရင်ဖြင့် သုညတဆိုက်အောင် လုပ်ပါလို့ သေသေချာချာ ဟောထားတယ်....(မှန်ပါ)။

http://www.dhammadownload.com

# ( ၂ )

အဲဒီ မောဃရာဇ ရဟန်းဆိုတာလဲ တခြားသော ရဟန်း မဟုတ်ပါဘူး ဒကာဒကာမတို့၊ ခေါင်းပါးတဲ့အကျင့် ကျင့်တဲ့ နေရာမှာ တော်ဒဂ်ရတဲ့ ရဟန်းပါပဲ....(မှန်ပါ့ဘုရား)။

သူက ဘယ်လိုလျှောက်သတုံးဆိုတော့ "တပည့်တော်သည် နိဗ္ဗာန်ကို အမြန်ဆုံးနည်းနဲ့ ခန္ဓာဇာတ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး ကို သွားချင်ပါတယ်၊ ရောက်ချင်ပါတယ်၊ ရချင်ပါတယ် ဘုရား" လို့ လျှောက်တဲ့အခါကျတော့မှဘုရားက ဒကာဒကာမ တွေ တခြားတရား အများလိုက်မနေပါနဲ့၊သုညတ တရားကို မင်း မြင်အောင်ရှုနိုင်လို့ရှိရင်သုညတနိဗ္ဗာန်ကူးပါလိမ့်မယ်တဲ့.... (မှန်ပါ့ဘုရား)။

ဩော်....သုညတ မြင်လို့ရှိရင်ဖြင့် သုညတနိဗ္ဗာန် ကူးလိမ့် မယ်ဆိုတာ သေသေချာချာမှတ်ရတော့မယ်-(မှန်ပါ့ဘုရား)။

သုညတ ဆိုက်ရင်....(သုညတနိဗ္ဗာန် ကူးရမှာပါ ဘုရား) အဲဒီတော့ ဒါကလေးအသာထားပြီး အရှင်အာနန္ဒာက ဘုရား သခင်ကိုယ်တော်မြတ်ကြီးကို ဘယ်ဟာမဆို လျှောက်ထားရဲ တဲ့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ဖြစ်နေတော့ "သုညတလောက ဆိုတာ ပြောစမ်းပါ၊ဘုရားတပည့်တော်များ အင်မတန် သိ ချင်ပါတယ်" လို့ လျှောက်တဲ့အခါကျတော့....

> သုညော လောကော သုညောလောကောတိ
> ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာနုခေါ လောကော
> ဘန္တေ သုညောလောကောတိ ဝုစ္စတိ။

http://www.dhammadownload.com



သုညလောက သုညလောကဆိုတာ တယ်ပြောကြတယ် ဘုရား-အဲဒီ သုညလောကကို တပည့်တော်အား ရှင်းပေးစမ်း ပါ ဘုရား ဆိုတော့မှ....

ကိတ္တာဝတာနုခေါ သုညော လောကောတိ ဝုစ္စတိ၊ ယသ္မာစခေါ အာနန္ဒ သုညံမေတံ အတ္တေနဝါ အတ္တ နိယေနဝါ။

တစ်ခုသော တရားမြင်တဲ့အခါ ငါ - ငါ့ဥစ္စာ ဆိတ်သုဉ်း အောင် ကြည့်ပေးကွာတဲ့..... (မှန်ပါ့ဘုရား)။

တစ်ခုသောတရား မြင်လိုက်ရလို့ရှိရင် ဘယ်လို ကြည့်ကြရ မယ်(ငါ-ငါ့ဥစ္စာဆိတ်သုဉ်းအောင်ကြည့်ကြရပါမယ်ဘုရား)။

ငါ-ငါ့ဥစ္စာ ဆိတ်သုဉ်းအောင် ကြည့်ပေးစမ်းပါကွာလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူတယ် ဆိုတာ ရှင်အာနန္ဒာ လျှောက်လို့ဟောတယ်နော်.... (မှန်ပါ့ဘုရား) ပြီးတော့မှ ဘုရားက ဘယ်ဟာ ကြည့်ရမှာတုံးဆိုတော့....

"ကိဉ္စ သုညံ အတ္တေနဝါ အတ္တနိယေနဝါ၊
စက္ခုံ သုညံ အတ္တေနဝါ အတ္တနိယေနဝါ"။

မျက်လုံးထဲက မြင်ရုပ်ကလေးကို "ဩော်....ငါ-ငါ့ဥစ္စာ မဟုတ်ဘူး" လို့ မြင်အောင်ကြည့်ရမယ်.... (မှန်ပါ့ဘုရား)။

"ရူပါသုညာအတ္တေနဝါ အတ္တနိယေနဝါ" လို့တစ်ခါဟော ပြန်တော့လဲ "ဩော်....သူမြင်တဲ့အဆင်းကလေးလဲငါ-ငါ့ဥစ္စာ မဟုတ်ဘူး" လို့မြင်အောင်မင်းတို့ကြည့်စမ်းပါ(မှန်ပါ့ဘုရား)

http://www.dhammadownload.com

( ၄ )

"စက္ခုဝိညာဏံ"ဆိုတော့ ဒကာ ဒကာမတို့ မျက်လုံးရယ်၊ အဆင်းရယ် ပေါင်းမိတဲ့အခါ စက္ခုဝိညာဏ် ကလေးဟာ မြင်စိတ်ကလေး ပေါ်ပါတယ်-(ပေါ်ပါတယ်) "အဲဒီ မြင်စိတ်ကလေးလဲ ငါ-ငါ့ဉစ္စာ မဖြစ်အောင် ကြည့်စမ်းပါကွာ" တဲ့.... (မှန်ပါ့ဘုရား)။

"စက္ခုသမ္ဖဿော သုညော အတ္တေနဝါ အတ္တနိယေနဝါ" ဖဿကလေးများ ပေါ်လာလို့ရှိရင်ကွာ "စက္ခုသမ္ဖဿပေါ် လာရင် ငါ-ငါ့ဉစ္စာ မဟုတ်အောင် ကြည့်ပေးစမ်းပါ"တဲ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

"ယမိဒံ ဉပ္ပဇ္ဇတိ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ" ဆြော်....ဒီလို အကြောင်းရင်းခံပြီး သကာလ မျက်လုံးနဲ့မြင် လိုက်ပြီ ဆိုမှဖြင့်ကွာ....တဲ့၊ ချမ်းသာတာလဲ ပေါ်တတ်တယ်၊ ဆင်းရဲတာလဲ ပေါ်တတ်ပါတယ်၊ အလတ်စား ဉပေက္ခာ ဝေဒနာလဲ ပေါ်တတ်ပါတယ်၊ "အဲဒီ ဝေဒနာသုံးမျိုးပေါ်ရာ ကိုလဲ 'အတ္တေနဝါ အတ္တနိယေနဝါ' ငါ-ငါ့ဉစ္စာမှ ဆိတ်သုဉ်း အောင် ရှုစမ်းပါ"....(မှန်ပါ့ဘုရား)။

ဤကဲ့သို့ ရှုလိုက်လို့ရှိရင်ဖြင့်တဲ့ ဒကာ ဒကာမတို့ "ဧဝံ မစ္စုတရော သိယာ" ဧဝံ=ဤသို့ မင်းရှုခဲ့သည် ရှိသော်၊ မစ္စု တရော=သေမင်းနိုင်ငံမှ လွန်မြောက်နိုင်သည်၊ သိယာ=ဖြစ် ရာ၏....(မှန်ပါ့ဘုရား)။

ဧဝံ လောကံ အဝေက္ခန္တံ၊ စက္ခုလောက၊ ရူပလောက၊ မြင် တတ်တဲ့ စက္ခုဝိညာဏ်လောက၊ဖဿလောက၊ဝေဒနာသုံးပါး

http://www.dhammadownload.com

# (၅)

လောက၊ အဲဒီလောကသုံးပါးကို လွန်မြောက်လို့ ရှိရင်ဖြင့်၊ လောကံ = လောကသုံးပါးကို၊ အဝေက္ခန္တံ = စေ့စေ့ငုငု ကြည့်ရှုသောပုဂ္ဂိုလ်ကို၊ မစ္စုရာဇာ = သေမင်းသည်၊ နပဿတိ = မင့်ကို မမြင်တော့ဘူးတဲ့....(မှန်ပါ့ဘုရား)။

ဒီသုညတွေသာ မင်းထင်အောင် ရှုနိုင်လို့ရှိရင် သုညတ နိဗ္ဗာန် မင်းကူးသွားတဲ့အတွက် သေမင်း မမြင်နိုင်ဘူးကွတဲ့.... (မှန်ပါ့ဘုရား)။

ဒီလို ဟောထားတာကို ဒကာ ဒကာမတွေက သေသေ ချာချာ သိတော့မှ ဩော်....ဒို့ဒီဥစ္စာ တိုတိုနဲ့မိတဲ့ တရားပါ ကလားဆိုပြီးဘုန်းကြီး ယနေ့ သုညတတရားဟောလိမ့်မယ်လို့ ဒကာ ဒကာမတွေ မှတ်ထားစမ်းပါ....(မှန်ပါ့ဘုရား)။

ဘာဟောမှာပါလိမ့်.... (သုညတတရား ဟောမှာပါ) ဒါဖြင့် ဒီသုညတ ဘာရားကို ဆရာဘုန်းကြီးက ဒီနေ့ ဘာဖြစ်လို့ ဒီဒကာ ဒကာမတွေ ဟောချင်ရတာတုံးလို့ မေးထဲ့အခါကျ တော့မှ ဒီသုညတတရား ကွယ်လို့ရှိရင် သုညတတရားဟာက ဒကာ ဒကာမတို့ ကွယ်မည့်တရားတဲ့....(မှန်ပါ့) သုညတတရား က လူတိုင်းနားမထောင်နိုင်ဘူး....(မှန်ပါ့ဘုရား)။

အဲဒီ သုညတတရားကွယ်လို့ရှိရင်လဲ သုညတနိဗ္ဗာန် ကွယ် မှာပဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီဥစ္စာ အင်း....ဒို့သုညတ တရား မှ သုညတနိဗ္ဗာန်ကို ရောက်မှာကိုး.... (မှန်ပါ့) သူကလဲ ကွယ် မည့်တရားတဲ့....(မှန်ပါ့ဘုရား)။

http://www.dhammadownload.com

# ( ၆ )

ဒကာ ဒကာမတို့ ယနေ့ဟောမည့် တရားဟာ သုညတတရား၊သူက ကွယ်မည့်တရားတဲ့....(မှန်ပါ့)ကွယ်တာမှ မပြောပါနဲ့တော့တဲ့ ဒကာ ဒကာမတို့၊ အခု သာသနာတွင်းကလေးတောင်မှ ကွယ်ချင်ချဝ်ဆိုတာ မှတ်ပါ ...(မှန်ပါ့ဘုရား)။

သာသနာတွင်းကလေးတောင်မှ ဘာတုံး....(ကွယ်ချင်ချင်ပါ)ကွယ်ချင်ချင်ပဲတဲ့၊ရုပ်တွေ၊ နာမ်တွေ၊ ဒါတွေ ငါ-ငါ့ဥစ္စာ မဟုတ်တဲ့ ရုပ်တွေ နာမ်တွေ ဝေဒနာတွေ ဖဿတွေ ဒါတွေ လျှောက်ပြောနေလို့ ရှိရင်ဖြင့် ကျုပ်တို့ မနာတတ်ပါဘူးတဲ့.... (မှန်ပါ့ဘုရား)။

အင်း....ဘာတရားမို့ မနာတတ်တာပါလိမ့်မတုံး ဒကာ သစ်ရေ....(သုညတတရားမို့ မနာတတ်ပါ) ငါ၊ ငါ့ဥစ္စာမှ မဟုတ်တော့ပဲကိုးဗျ ... (မှန်ပါ့) အင်း ...ရုပ်ပဲ၊ ဝေဒနာပဲ၊ သညာပဲ ဖြစ်ပြီးပျက်တာပဲလို့ ဟောနေတဲ့အခါကျလို့ ရှိရင် ဦးမာဒင်ရေ၊ နာချင်တဲ့ပုဂ္ဂိုလ်က ရှားတယ်.... (ရှားပါတယ်) မရှားပေဘူးလား....(ရှားပါတယ်ဘုရား)။

ကဲ... ရှားလို့ရှိရင်ဖြင့် သုညတတရား မနာနိုင်လို့ ရှိရင် သုညတနိဗ္ဗာန် ဘယ့်နှယ်လုပ်ကူးကြမလဲ .. (မကူးနိုင်ပါ)မကူးနိုင်ဘူးဆိုတာ သဘောကျပလား.... (ကျပါပြီ) ဒါဖြင့် ...ကွယ်မည့်တရား ဖော်တာပဲ....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် (ကွယ်မည့်တရား ဖော်တာပါဘုရား) ဒါကြောင့် ကြိုးစားပြီး လာကြတဲ့....ဒကာ ဒကာမတွေ သြော်...ငါတို့ ဒီနေ့ ဆရာဘုန်းကြီးက ဘာများ ထူးထူးလည်လည် ဆုကြီး လာဘ်ကြီးကို ပေးပါလိမ့်မတုံးဆိုတော့ ကွယ်

http://www.dhammadownload.com



မည့်တရားကို ခင်ဗျားတို့ သန္တာန်မှာ မကာ့ယ်အောင်လုပ်လို့ ရှိရင်ဖြင့် နိဗ္ဗာန်လဲ ခင်ဗျားတို့ရမှာပဲ....(မှန်ပါ့ဘုရား)။

ကွယ်မည့်တရားကို မကွယ်အောင် ရှုနိုင်ကြလို့ရှိရင်.... (နိဗ္ဗာန်ရမှာပါ) နိဗ္ဗာန်ရမယ် ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ကြပါ (မှန်ပါ့ဘုရား)။

ဒါဖြင့် သုညတတရားကိုမှ မနာရတော့ဘူး ဆိုလို့ရှိရင် သုညတနိဗ္ဗာန်ဆိုတဲ့ဥစ္စာ ဘယ့်နှယ်လုပ် ကူးသန်းပြီးသကာလ သွားမတုံးလို့ မေးလို့ရှိရင်ဖြင့် ဩော်-အကြောင်းမှ မပါဘဲနဲ့ အကျိုးနိဗ္ဗာန်ရဖို့ အတော်ခဲယဉ်းပါတယ်...(မှန်ပါ့ဘုရား)။

အေး....ဒါကြောင့် ခန္ဓာ၊ အာယတန၊ ဓာတ်တို့နဲ့စပ်တဲ့ တရားဟူသရွေ့ ဦးမာဒင် မှတ်လိုက်စမ်း သုညတတရား.... (မှန်ပါ့ ဘုရား)။

ခန္ဓာ အာယတန ဓာတ်တို့ကိုဟောနေရင်(သုညတတရားပါ ဘုရား) ခန္ဓာဟောလိုက်လဲ ပုဂ္ဂိုလ်၊သတ္တဝါ၊ ဆိတ်သုဉ်း တယ်....(မှန်ပါ့) အာယတန ဟောလိုက်ပြန်လဲ....(ပုဂ္ဂိုလ်၊ သတ္တဝါ ဆိတ်သုဉ်းပါတယ်ဘုရား) သစ္စာတွေ ဟောလိုက် ပြန်လဲ....(ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းပါတယ်ဘုရား)။

အဲဒီမှာ ဘုရားကတော့ မှာခဲ့တယ်' အင်္ဂုတ္တိုရ်ပါဠိတော် မှာ၊ "မင်း....သုညတတရားကြိုးစားပြီး ဟောရစ်ပါကွာ" တဲ့၊ ငါဘုရားမရှိသည့်နောက် သုညတတရားကို နာနိုင်တဲ့ပုဂ္ဂိုလ်လဲ မရှိဘူး....ဟောနိုင်တဲ့ပုဂ္ဂိုလ်လဲ မရှိဘူး၊ ဟောပြန် ဟောပြန်လို့ ရှိရင်လေတဲ့ အပြစ်တောင် ဆိုကြလိမ့်ဦးမယ်တဲ့.... (မှန်ပါ့) သေသေချာချာ မှာတာ....(မှန်ပါ့)။

http://www.dhammadownload.com

( ၈ )

အဲဒါကိုဖြင့် မင်းတို့ ငါ၏တပည့်သား ရင်းရင်းချာချာ ဖြစ်ခဲ့လို့ရှိရင်ဖြင့်....တဲ့၊ သုညတတရား ဟောပြီး သကာလ သုညတ နိဗ္ဗာန်ပို့ရစ်ပါဆိုတဲ့ဥစ္စာလဲ အင်္ဂုတ္တိုရ်ပါဠိတော် အနာဂတံသသုတ်မှာ သေသေချာချာ ဟောတယ်....(မှန်ပါ့) အနာဂတံသသုတ်မှာ သေသေချာချာ အနာဂတ်ဘေးရန်တွေ လို့ ဦးမာဒင် ဆိုပါတယ်.... (မှန်လှပါဘုရား)။

အနာဂတ်မှာ သုညတတရား ဟောလို့ရှိရင် ဘယ်သူမှ မနာ ချင်ဘူးတဲ့၊ မနာချင်တဲ့ပုဂ္ဂိုလ်များပြီး အပြစ်တောင်ပြောသေး သတဲ့ (မှန်လှပါ) အဲဒီ အပြစ်ပြောတာကိုလဲ မင်းတို့သည်....တဲ့ တိုက်ဖျက်ရစ်ပါဆိုတာကိုလဲ မှာပါတယ်.... (မှန်လှပါ)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သြော်.... ဒီတရားကွယ်ရင်လဲ နိဗ္ဗာန်ကွယ်တော့မယ်.... (မှန်ပါ့)။

သုညတတရား ကွယ်ရင်လဲ.... (နိဗ္ဗာန်ကွယ်တော့မှာပါ ဘုရား) နိဗ္ဗာန်ကွယ်တော့ အပါယ်လေးပါး သုံးဆယ့်တစ်ဘုံ ကြီးက ထွန်းကားလာမှာပေါ့(မှန်ပါ့)အိုဘေး၊ နာဘေး၊ သေ ဘေးတွေနဲ့ ကျုပ်တို့ နယ်လှည့်ပြီးနေရုံပေါ့(မှန်လှပါဘုရား)။

ဒါကြောင့် ယနေ့ ဟောမည့်တရား ဘာတရားပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့မှ ဒကာသစ်ရေ သုညတတရား ဟောလိမ့်မယ် ... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် မောဃရာဇရဟန်းကလဲ မူတည်၊ ရှင်အာနန္ဒာ ကလဲ သုညတဆိုတာ ဘယ်ဟာတုံးဘုရာ့.... သုညလောက ဆိုတာ ဘယ်ဟာတုံးဘုရာ့....လို့ မေးလျှောက်တော့ ခုနင်က

http://www.dhammadownload.com



ပြောခဲ့တဲ့အတိုင်း ဒကာဒကာမတို့ သန္တာန်မှာ ရုပ်ပေါ်လာလို့ ရှိရင်လဲ သုညတမှတ်ပါ (မှန်ပါ့) ဝေဒနာပေါ်လာရင်လဲ (သုညတမှတ်ပါဘုရား) သညာပေါ်လာရင်ကော.... (သုညတမှတ်ပါဘုရား) အဲ.... သုညတချည့်မှတ်....တဲ့.... (မှန်ပါ့) စိတ်ကလေး ပေါ်လာရင်ကော.... (သုညတပါဘုရား)။

ဩော်.... ဘယ့်နှယ်ကြောင့် သုညတ မှတ်ရပါလိမ့်မတုံးဆိုအို.... ရုပ်ကပေါ်လာတာပဲ၊ ရုပ်ပျက်သွားတာပဲ၊ ငါ့-ငါ့ဥစ္စာ မဟုတ်ဘူးဆိုတော့ ငါ့-ငါ့ဥစ္စာမရှိဘူးလို့ ဆိတ်သုဉ်းသွားတာသည် ဒကာဒကာမတို့ဝမ်းထဲမှာ ဒါ-ရုပ်ပဲလို့ သိလိုက်လို့ ရှိရင် ငါ-ငါ့ဥစ္စာ ဆိတ်သုဉ်းသွားတယ်.... (မှန်ပါ့)။

ဒါကလေးဟာ ဖြစ်ပြီးပျက်တဲ့ အနိစ္စတရားကလေးပဲလို့ သိလိုက်ပြန်တော့လဲ ဝမ်းထဲမှာ ဘာဆိတ်သုဉ်းသွားသတုံး (ငါ-ငါ့ဥစ္စာ ဆိတ်သုဉ်းသွားပါတယ်)ငါ-ငါ့ဥစ္စာ ဆိတ်သုဉ်းသွားတယ် (မှန်ပါ့) ကိုင်း....ဒါဖြင့် ဒီအတိုင်းပြောနေတော့ အဖြေတွေ မှားနေကြရော့မယ်၊ ဒကာဒကာမတို့ ပုံစံနဲ့ချပြတော့မှ သုညတ ရှင်းပါလိမ့်မယ်.... (မှန်လှပါ)။

ပုံစံနဲ့ပြလိုက်ရင်.... (သုညတ ရှင်းပါလိမ့်မယ်ဘုရား)သုညတရှင်းတော့ ဒကာ ဒကာမတို့ သန္တာန်၌ ဒကာ ဒကာမတို့ ဥပမာ- သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ ဆိုတဲ့ ဝေဒနာသုံးမျိုးဟာ လှည့်ပြီး ဒကာဒကာမတို့ အာရုံတိုက်သလို မပေါ်ဘူးလားဗျာ ... (ပေါ်ပါတယ်ဘုရား)။

ဒီဘက်က ဘာတုံးမေးတော့ သုခဝေဒနာ (မှန်ပါ့ဘုရား) ဒါ....အာရုံဒွါရတိုက်လို့ ပေါ်ပြန်တော့ **ဒီဘက်က ဘာဆိုကြ**

http://www.dhammadownload.com



မယ်.... (ဒုက္ခဝေဒနာပါဘုရား) ဒါ.... အာရုံဒွါရတိုက်လို့ ပေါ်ပြန်ရင်ကော.... (ဥပေက္ခာဝေဒနာပါဘုရား)။

ဩော်....ယားတယ် ဒကာဒကာမတို့၊ နာတယ်၊ ကိုက်တယ်၊ ခဲတယ် ဘာဝေဒနာတုံး (ဒုက္ခဝေဒနာပါဘုရား) အင်း.... ဒုက္ခဝေဒနာဆိုသဖြင့်....တဲ့ ဒုက္ခဝေဒနာလို့ ဒကာ ဒကာမတွေက သိလိုက်တယ်.... (မှန်ပါ) ဒုက္ခဝေဒနာကို ဒုက္ခဝေဒနာမှန်း သိလိုက်တော့ကို ဒကာ ဒကာမတို့ ငါ-ငါနာတာဆိုတာ ရှိသေးရဲ့လား.... (မရှိပါဘုရား) ငါ့အသားကလေးက နာနေတယ်လို့ကော.... (မရှိပါဘုရား)။

ငါ-နာတာလဲမရှိဘူး၊ ငါ့ဥစ္စာ အသားကလေးက နာနေတာလို့ကော....(မရှိပါဘုရား)။

ဩော်....ဒါဖြင့် ဝေဒနာ ဝေဒနာမှန်းသိလိုက်၊ ဝေဒနာပျက်တာကို ဝေဒနာပျက်မှန်းသိလိုက်ဆိုတော့ မဂ္ဂင်ကလေး ဝင်လာလိုက်ရင်ပဲ ဒကာ ဒကာမတို့ အရင်တုန်းကတော့ ငါနာတယ်ဆိုတော့ ဒိဋ္ဌိဖြစ်တယ်.... (မှန်ပါ)။

ငါနာတယ်ဆိုတော့ ဘာဖြစ်သွားသတုံး.... (ဒိဋ္ဌိဖြစ်သွားပါတယ်ဘုရား) ဒိဋ္ဌိဖြစ်သွားတယ်နော်.... (မှန်ပါ) အဲ-ဒါဖြင့် ဒိဋ္ဌိဖြစ်သွားတော့ ဒိဋ္ဌိနောက်ကနေပြီးသကာလ ဒိဋ္ဌုပါဒါန်ဖြစ်တယ်....(မှန်ပါ) မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား) တော်တော်ကြာကျတော့ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံကော .. (ဖြစ်ပါတယ် ဘုရား)။

ဟော....ဦးမာဒင်ရေ ဒိဋ္ဌိတဏှာရယ်၊ ဒိဋ္ဌုပါဒါန်ရယ်၊ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံရယ်၊ ပဋိစ္စသမုပ္ပါဒ် ဆက်သွားတယ် (ဆက်ပါတယ်ဘုရား) ဒါ-ငါနာတယ်ယူလိုက်တာ.... (မှန်ပါ)။

http://www.dhammadownload.com



ဝေဒနာ ငါဖြစ်သွားတဲ့အတွက် ဒကာ ဒကာမတို့ ငါဆိုတာက ဒိဋ္ဌိ....(မှန်ပါ့) ဒိဋ္ဌိလာလို့ရှိရင် ဒိဋ္ဌုပါဒါန်က နေရစ်ပါ့မလား.... (မနေရစ်ပါဘုရား) ဒိဋ္ဌိအုပ်ချုပ်တဲ့ကံကော.... (မနေရစ်ပါဘုရား) မနေရစ်တော့ ခြောက်.... အနာဂတ် အကြောင်းသုံးခု ဖြစ်လာတယ် ... (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်... (အနာဂတ်အကြောင်းသုံးခု ပေါ်လာပါတယ် ဘုရား)။

အနာဂတ်အကြောင်းသုံးခု ပေါ်လာတာကို ထောက်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဘယ်နှယ်ကြောင့်တုံးဆိုတော့ အို.... ငါ-ငါ့ဥစ္စာဆိုတဲ့ဟာကို သုညတဖြစ်အောင် ကိုယ်က မလုပ်တတ်လို့ပေါ့ဗျာ.... (မှန်ပါ့) သုညတဖြစ်အောင် မိမိက မလုပ်တတ်တဲ့အတွက် ဒကာ ဒကာမတို့ ငါ-ဆိုတဲ့ ဒိဋ္ဌိ ဝမ်းထဲမှာ ပေါ်ပြီ(မှန်ပါ့ဘုရား) ဒိဋ္ဌုပါဒါန်ဆိုတဲ့ ငါ့ဥစ္စာဆိုတဲ့ စွဲလမ်းမှုကော....(ပေါ်ပါတယ်ဘုရား) ဟာ....ဒါဖြင့် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံတွေကလဲ ငါလုပ် ခံနိုင်ရှိးလားဆိုတဲ့ ကာယကံ၊ ဝစီကံတွေကော.... (လာပါတယ်ဘုရား)။

အင်း-ဒါ ဘယ့်နှယ်ကြောင့် ပေါ်လာပါလိမ့်မတုံးဆိုတော့ သုညတမဖြစ်လို့....(မှန်ပါ့) ဘယ်လိုမှတ်ကြမယ်.... (သုညတ မဖြစ်လို့ပါဘုရား)။

ဒါကလေးဟာ ငါ-ငါ့ဥစ္စာမဟုတ်ဘူးဆိုတဲ့ ဉာဏ်ကလေး မဝင်နိုင်တာနဲ့ ပဋိစ္စသမုပ္ပါဒ်တန်းတယ်.... (မှန်ပါ့)။

ဒါ လွတ်လို့ဖြင့် အားလုံး ဒကာ ဒကာမတွေ ခင်ဗျားတို့ ဝိပဿနာလွတ်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဦးမာဒင်ရေ ... ပဋိစ္စသမုပ္ပါဒ်ဘန်ဖိုးသာ မှတ်ပေတော့.... (မှန်ပါ့)။

http://www.dhammadownload.com



ဝိပဿနာလွတ်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း.... (ပဋိစ္စသမုပ္ပါဒ် တန်းပါတယ် ဘုရား) ဒကာသစ် ကြောက်စရာကြီးပါလား-(ကြောက်စရာကြီးပါဘုရား)ဦးလှဘူး-ရေ ကြောက်စရာကြီးနော်....(ကြောက်စရာကြီးပါဘုရား)။

ခင်ဗျားတို့ သာမည အသိနဲ့သိတော့ ဩော်....ကျုပ်ဖြင့် အမြင်လွဲသွားပြီဗျာ-(မှန်ပါ့ဘုရား) အမြင်လွဲသွားပြီဆိုတော့ ဦးမာဒင်တို့က သာမည မှတ်နေတယ်....(မှန်ပါ့)အမြင်လွဲသွားတာ ဒိဋ္ဌိဖြစ်တယ်-(မှန်ပါ့) ဒိဋ္ဌိဖြစ်တော့ ဒိဋ္ဌိက သူတစ်ခုတည်းနေသလားဆိုတော့ ဒကာ ဒကာမတို့ ဒိဋ္ဌိတဏှာက တဏှာပစ္စယာ ဥပါဒါန်၊ ဒိဋ္ဌုပါဒါန်မလာဘူးလား-(လာပါတယ်) ဥပါဒါန်လာလို့ရှိရင်ဥပါဒါနပစ္စယာကမ္မဘဝေါ ဆိုတော့ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ လာဖြစ်တယ်(မှန်ပါ့) မဖြစ်ဘူးလား-(ဖြစ်ပါတယ်ဘုရား) ဒါဖြင့် အနာဂတ်အကြောင်းသုံးခု ဘယ့်နှယ်တုံး....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် အနာဂတ်အကျိုး သုံးခုလဲ မလာပါနဲ့ဆိုလို့ ဇာတိ၊ ဇရာ၊ မရဏ မလာပါနဲ့ဆိုလို့ ဒကာ ဒကာမတို့ ရပါ့မလား.... (မရပါ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တိုတိုမှတ်ကြပါ-ဒကာ ဒကာမတွေ သုညကမဆိုက်လို့ရှိရင် သမုဒယသစ္စာ သုံးခုနဲ့ ဒုက္ခသစ္စာ သုံးခုပေါ်တယ်.... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်(သမုဒယသစ္စာသုံးခုနဲ့ ဒုက္ခသစ္စာသုံးခုပေါ်ပါတယ်ဘုရား)။

http://www.dhammadownload.com

( ၁၃ )

ဒါဒကာ ဒကာမတို့ ခင်ဗျားတို့အမြင်လဲ ပြတယ်၊ အမှန်လဲ ဟုတ်ပါတယ် (မှန်ပါ) အမြင်လဲ ဒီအတိုင်းပဲ-(မှန်ပါ)ဝမ်းထဲ ဖြစ်တာကော....(ဒီအတိုင်းပါဘုရား)။

ဩော်....ဒါဖြင့် သုညတကင်းလိုက်ရင်ဖြင့် ဒကာဒကာမတို့ သံသရာတွင်းဆင်းပြီ-(မှန်ပါ)သုညတကင်းလိုက်ရင်-(သံသရာ တွင်း ဆင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီတရားကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ငါမရှိသည့် နောက်ကွာ....တဲ့၊ ဒီသုညတတရား ဟောပြန်လို့ ရှိရင်လဲ မည်သူမှလဲ မနာတတ်ဘူး၊ ဟောတဲ့ပုဂ္ဂိုလ်ပဲ အပြစ် ဆိုကြောပါလိမ့်ဦးမယ်....(မှန်ပါ)ဒီတရားကွယ်လို့ရှိရင်လဲ မင်းတို့ သာသနာကွယ်ပေါ့လို့ အောက်မေ့တဲ့ ... (မှန်ပါ) ဆိုတော့ ဒီတရားသည် အားလုံးဦးလှဘူးတို့နဲ့တကွ အားလုံး ဦးမာဒင် တို့၊ ဒကာသစ်တို့ မည်မျှလောက် အရေးကြီးတယ် ဆိုတာလဲ ကိုယ်တော်မြတ်ကြီး အနာဂတံသဉာဏ်နဲ့ မှာပစ်ခဲ့တယ်.... (မှန်ပါ)။

ကဲ....ခင်ဗျားတို့လက်တွင်း ရောက်လို့ရှိရင်ဖြင့် ဩော်.... ဒို့မှာ နိဗ္ဗာန် ရောက်ကြောင်းကလေး ဒို့မှာ ရှိသေးကလား.... သုညတ နာနိုင်လို့....(မှန်ပါ) ဒီသုညတမှ မနာနိုင်တဲ့ပုဂ္ဂိုလ် တွေ ဟူသရွေ့ဟာဖြင့် ဒီပဋိစ္စသမုပ္ပါဒ် အတိုင်း သွားလေရော့ (မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် ဒို့ဒီနေ့သည်ကားလို့ဆိုရင် ခဲခဲယဉ်းယဉ်း လာကြရတယ်၊ လာကျိုးနပ်အောင်လို့ ဆရာဘုန်းကြီးကလဲ အရေးတကြီး တရားကိုဖြင့် ပြောပြီ၊ ဆုံးမပြီ၊ သွန်သင်ပြီဆိုတာ

http://www.dhammadownload.com



ဒကာသစ် သေသေချာချာ လေးလေးနက်နက် မှတ်ပါ.... (မှန်ပါ့) လေးလေး နက်နက် မှတ်ကြပါ ဒကာဒကာမတို့ ဒီဟာ မလွယ်ကူဘူး....(မှန်ပါ့ဘုရား)။

ကိုင်း....ဒကာ ဒကာမတို့ သုညတကွယ်ရင် နိဗ္ဗာန်ကွယ်တယ်....(မှန်ပါ့ဘုရား)။

သုညတကွယ်ရင်....(နိဗ္ဗာန် ကွယ်ပါတယ်)ဩော် ...ဒါဖြင့် ဒို့အခု လူနည်းစုအဖြစ်နဲ့ တရားနာပြီး သကာလ နေကြတယ်၊ အချို့မိုးသံ-လေသံကြောင့် မလာနိုင်ကြ ဝြားသော်လဲ သုညတကွယ်လို့ရှိရင် နိဗ္ဗာန်ကွယ်တယ် ဆိုတဲ့ဉစ္စာ သူ့ခမျာများ မသိရဘူး....(မှန်ပါ့) ခင်ဗျားတို့မှာ ထူးထူးလည်လည် သိရတယ် ဆိုတော့ သုညတမဆိုက်တဲ့ ပုဂ္ဂိုလ်မှာ ဒကာဒကာမတို့ ငါ ငါ့ဉစ္စာ လိုက်ပါတယ်....(လိုက်ပါတယ်ဘုရား)။

ဝေဒနာကို ငါထင်တယ်၊ ငါ့ဉစ္စာထင်တယ်....(မှန်ပါ့ဘုရား) ထင်တော့ ဒိဋ္ဌိတဏှာမလာဘူးလား....(လာပါတယ်) ငါက ဒိဋ္ဌိ၊ ငါ့ဉစ္စာက တဏှာကိုးဗျ. (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီဘက်က ခုနင်က ဒိဋ္ဌိ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံကို ပဋိစ္စသမုပ္ပါဒ်တန်းလိုက်တော့ ဇာတိ၊ ဇရာ၊ မရဏ ဆိုတာ ဒိဋ္ဌိဘက်ကသွားတဲ့ ပဋိစ္စသမုပ္ပါဒ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ငါ့ဉစ္စာလို့ ငါ့ဉစ္စာကလေးနာနေတာ ငါ့သားကလေးနာနေတာဆိုတော့ ငါ့ဉစ္စာနာနေတယ်....(မှန်ပါ့) ငါ့သားကလေး နေကောင်းနေတယ်ဆိုတာလဲ သူ့ခဝေဒနာကို ငါ့

http://www.dhammadownload.com



သား လုပ်ထားတယ်၊ တဏှာနဲ့ ငါသား လုပ်ထားတယ်.... (မှန်ပါဘုရား)။

ကဲ...ဒါဖြင့် အဲဒီကျတော့ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ လာပြန်ပြီ.... (မှန်ပါ) ဒါက ငါ့ဥစ္စာကြောင့် လာတဲ့ ပဋိစ္စသမုပ္ပါဒ်....(မှန်ပါ) ခုနင်က ငါ့ကြောင့်လာတဲ့....(ပဋိစ္စသမုပ္ပါဒ်ပါဘုရား) ငါ့ဥစ္စာကြောင့်လာတဲ့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။ အဲဒါ ဒကာ ဒကာမတို့ လေးလေးနက်နက် မှတ်စမ်းပါ၊ သုညတဆိုက်အောင် မကြည့်နိုင်လို့ ...(မှန်ပါဘုရား)။

ဘယ်လို မှတ်ကြမယ်-(သုညတဆိုက်အောင် မကြည့်နိုင်လို့ပါဘုရား) သုညတဆိုက်အောင် မကြည့်နိုင်လို့.... (မှန်ပါဘုရား)။

ဦးမာဒင် ဘယ်လောက်အရေးကြီးသတုံး--(ကြီးပါတယ်) ကြီးတယ်တဲ့၊ ခင်ဗျားတို့ကတော့ ငါနဲ့ ငါ့ဥစ္စာမှပဲ ခင်ဗျားတို့မှာဖြင့် ကိုယ့်အရေးကြီးတဲ့အချက် မှတ်နေတယ်(မှန်ပါ)ငါက ဒိဋ္ဌိ၊ငါ့ဥစ္စာကတဏှာ....(မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

ငါက....(ဒိဋ္ဌိပါ)ငါ့ဥစ္စာက.... (တဏှာပါ)ကဲ-ငါ့ကြောင့်လဲ ပဋိစ္စသမုပ္ပါဒ် တစ်ချက်သွားပြီ....(မှန်ပါ) ငါ့ဥစ္စာကြောင့်ကော (ပဋိစ္စသမုပ္ပါဒ် တစ်ချက်သွား●ါတယ်ဘုရား)။

ကိုင်း....ဒါဟာ ဒီပဋိစ္စသမုပ္ပါဒ် နှစ်သံသရာ ခရီးလမ်းကြီး နှစ်ခုပေါ်လာတာဟာ ဦးမာဒင်၊ ဦးလှဘူးတို့ စဉ်းစားပါတဲ့ သုညတမမြင်လို့....(မှန်ပါ) ဘယ်လိုဆိုကြပါမယ်....(သုညတမမြင်လို့ပါဘုရား)။

http://www.dhammadownload.com



အားလုံး ဒကာ ဒကာမတွေ ဒီပဋ္ဌိစ္စသမုပ္ပါဒ် ပေါ်လာတယ် ဆိုကတည်းကိုက ခင်ဗျားတို့ သံသရာခရီးလမ်းကြီးကဖြင့် ဒါလဲ မိမိသွားတာပဲ ... (မှန်ပါ့) ဒီဟာကော.... (မိမိသွားတာပါ)ဒါကော....(မိမိသွားတာပါ) ဒါလဲ မိမိရောက်တာပဲ (မှန်ပါ့ဘုရား)။

ကဲ....ဒကာ ဒကာမတို့ ဒီဥစ္စာ သူများ သွားနေတာလား မိမိ သွားနေတာလား.... (မိမိသွားနေတာပါ) သြော်....ဒီ ပဋ္ဌိစ္စသမုပ္ပါဒ်ဟာ မိမိတည်ထောင်တဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သူများတည်ထောင်တာလား....မိမိ တည်ထောင်တာလား၊ (မိမိတည်ထောင်တာပါဘုရား)။

သြော်....ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဘယ့်နှယ်ကြောင့် ဒီပဋ္ဌိစ္စသမုပ္ပါဒ်နှစ်ခုကို ကိုယ်ဆင်းရဲကြောင်း ပဋ္ဌိစ္စသမုပ္ပါဒ် နှစ်ခုကို ကိုယ်ကိုယ်တိုင် ပယောဂကြီးနဲ့ လုပ်ပါလိမ့်မလဲ မေးဖို့ အကြောင်းကြုံလာတယ်.... (ကြုံလာပါတယ်ဘုရား)။

ထိုကဲ့သို့ကြုံလာတာကြုံချင်လို့ကြုံရတာမဟုတ်ဘူး၊ ခင်ဗျားတို့ သုညတဆိုက်အောင် မကြည့်နိုင်လို့.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (သုညတ ဆိုက်အောင် မကြည့်နိုင်လို့ပါဘုရား)။

သြော်....ဒကာသစ်ရေ ဒါဖြင့် ဦးမှာဒင် ဆရာကောင်း သမားကောင်း.... သိပ်လိုတယ်.... (လိုပါတယ်) လိုပြီ-လိုပြီ ဦးလှဘူးရေ....(လိုပါတယ်ဘုရား)။

http://www.dhammadownload.com



ကဲ... ဒကာဒကာမတို့ ဒါ အခု ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ပြီးသွားပလဲ.... (နှစ်မျိုးပါ) နှစ်မျိုးပြီးသွားပြီ၊ ဒိဋ္ဌိကြောင့် ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်တစ်မျိုး၊ ငါ့ကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် (တစ်မျိုးပါဘုရား)၊ ငါ့ဥစ္စာကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် (တစ်မျိုးပါဘုရား)၊ ပဋိစ္စသမုပ္ပါဒ်တစ်မျိုးလို့ ဆိုတာ ဒကာ ဒကာမတွေ သိထားပြန်တော့ ခြေဘ်....ငါ့ကြောင့်လဲ အပါယ် သွားတယ်.... (မှန်ပါ့) ငါ့ဥစ္စာကြောင့်လဲ.... (အပါယ်သွား ပါတယ်ဘုရား)။

အင်း... ခင်ဗျားတို့ အိမ်မှာနေတဲ့အခါကျတော့ ငါမရှိရင် ဖြင့် ခက်တော့တာပဲ.... (မှန်ပါ့) အင်း....ငါမရှိလို့ရှိရင် ခက် တာမဟုတ်ဘူး၊ ငါမရှိရင် နိဗ္ဗာန်ရောက်တယ် ... (မှန်ပါ့ ဘုရား)။

သို့သော်....ခင်ဗျားတို့ကတော့ ဘာတဲ့.... (ငါမရှိရင် ခက် ပါသတဲ့) သူညတ နားမလည်တော့ ဒီဥစ္စာ တကယ် အရေး တကြီး သုံးပါတယ်.... (သုံးပါတယ်ဘုရား)။

ဒကာ ဒကာမတွေ ဒီစကားလေး တစ်လုံးက နားထောင် စမ်းပါ...(မှန်ပါ့) ဒီစကားလေးတစ်လုံး နားထောင်စမ်းပါ ဦးလှဘူးရေ.... (မှန်လှပါဘုရား)။

ခင်ဗျားတို့ ဒီကနေ ပြန်သွားတဲ့အခါ တစ်ခုခု ချို့ယွင်းနေ တဲ့အခါကျလို့ရှိရင် ငါမရှိရင် ဒီလိုချည့်ပဲ (ပြောပါတယ် ဘုရား)။

ဒါက ဒိဋ္ဌိစလိုက်တာ.. (မှန်ပါ့) ဒိဋ္ဌိစလိုက်တော့ ကိုယ်က လဲ သူညတနားမလည်တဲ့ပုဂ္ဂိုလ်ဖြစ်နေတော့ အဲဒီလုံး ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်ဆက်သွားပြီ.... (မှန်ပါ့) မသွားပါနဲ့

http://www.dhammadownload.com



ဆိုလို့....(မရပါဘုရား) မသွားပါနဲ့ဆိုလို့ မရတော့ဘူးဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

အင်း-ငါမရှိတော့ ဘာဖြစ်သတုံး၊ ဟို-ငါ့ဥစ္စာတွေ ပျောက်ကုန်တာပေါ့.... (မှန်ပါ့) ငါ့ဥစ္စာတွေ ပျက်စီးကုန်တာပေါ့.... (မှန်ပါ့ဘုရား)။

အင်း.... ငါ့ဥစ္စာတွေတဲ့၊ ဒကာ ဒကာမတို့ တဏှာပဋိစ္စသမုပ္ပါဒ် ဖွင့်ပြန်ပြီ.... (ဖွင့်ပါတယ်ဘုရား)။

ခုနင်တုန်းက ငါ-ပဋိစ္စသမုပ္ပါဒ်(မှန်ပါ့)ငါ-ပဋိစ္စသမုပ္ပါဒ် ဆိုတော့ ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

နောက်ကျတော့.... ငါမရှိလို့ရှိရင် ငါ့ပစ္စည်းတွေဟာ ကစဉ့်ကရဲ ဖြစ်ကုန်တာပဲ၊ ဟာကုန်တာပဲ ... ငါ့ဥစ္စာတွေ ဟာကုန်ပြီ (မှန်ပါ့) ငါ့ဥစ္စာတွေ ဟာတယ်ဆိုတော့ ဘာပဋိစ္စသမုပ္ပါဒ်တုံး... (တဏှာပဋိစ္စသမုပ္ပါဒ်ပါဘုရား)။

အင်း-ခင်ဗျားတို့ အိမ်ပြန်မှာကို ဘုန်းကြီးက စိုးရိမ်တယ်.... (မှန်ပါ့)ဦးမာဒင် အိမ်ပြန်မှာစိုးရိမ်တယ်....(မှန်ပါ့)ဦးလှဘူး မစိုးရိမ်ထိုက်ဘူးလား.... (စိုးရိမ်ထိုက်ပါတယ်ဘုရား)။

ဟာ....အိမ်ပြန်တာ ဘုန်းကြီးက ဘာစိုးရိမ်စရာရှိသလဲ....ဆို အို....ဒီနေ့စ်ခုက သွားတော့မလို့.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ ကိုယ့်အိမ်ကိုယ်ပြန်တာကို မသာလို့ မဟုတ်ပါဘူး....(မှန်ပါ့)ဪ....အိမ်ပြန်တာလား၊ အပါယ်ပြန်တာ

http://www.dhammadownload.com



လားဆိုတာ....(အပါယ်ပြန်တာပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား) အံမယ်လေး.... ကြောက်စရာကြီးပါကလား.... (မှန်လှပါဘုရား)။

ဒါက ဘုန်းကြီးက စကားတတ်လို့ ရေရေလည်လည်ပြောတတ်လို့ ဒီအဓိပ္ပါယ် ရောက်သွားတာကိုး.... လို့ ဒကာသစ်က ဆိုချင်သလား....ဖြစ်စဉ်ကိုက်လား(ဖြစ်စဉ်ကိုက်ပါဘုရား)။

ဒါ.... ဘာမှမငြင်းကြနဲ့နော်.... (မှန်ပါ့) ဖြစ်စဉ်ကိုက်ပါဆိုတော့ ဘုန်းကြီးက ဒီဒကာဒကာမတွေ မန္တလေးက ဒကာဒကာမတွေလဲ မန္တလေးပြန်.... အိမ်ရောက်သွားလို့ ရှိရင်ဖြင့် နှလုံးသွင်းမှားမှာတော့ သိပ်စိုးရိမ်တယ်.... (မှန်ပါဘုရား)။

သြော်.... ဘုန်းကြီးတို့ ဒကာဒကာမတွေ ပြန်လို့ရှိရင်ဖြင့် ဒီနှစ်လုံးဟာ တစ်လုံးလာရင် နှစ်လုံးလာမှာပဲ.... (မှန်ပါ့) ငါမရှိရင်က စ,တယ်....(မှန်ပါ့) ငါမရှိရင်က စ,တော့ ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ် အရင် စ,လိုက်တယ်.... (စ,ပါတယ်ဘုရား)။

တော်တော်ကြာကျတော့ ငါမရှိရင် ဘာဖြစ်သတုံး မေးကြည့်တဲ့အခါကျတော့ ငါ့ဥစ္စာတွေ ကစင့်ကရဲ ဖြစ်ကုန်တယ်-(မှန်ပါ့) ဟာ....တဏှာပဋိစ္စသမုပ္ပါဒ် စ,ပြန်ပြီ—(စ,ပါတယ်) မစ,ဘူးလား....(စ,ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အိမ်ပြန်တာလား....၊ အပါယ်သွားကြတာလား.... (အပါယ်သွားကြတာပါဘုရား)။

ဒါ.... ဘာနားမလည်လို့ ဒီအဖြစ် ရောက်သွားပါလိမ့်.... (သုညတ နားမလည်လို့ပါဘုရား) အဲ....သုညတ အရေးကြီးတာပေါ့ဗျ....(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ကဲ....ဒကာဒကာမတို့ ဘုန်းကြီးက သူက ထုံးလိုမွှေ ရေလို နှောက်ပြီးသကာလ စကားကလဲတတ်၊ တရားကလဲ တတ်မို့ ဒီလိုပြောတာလို့ ဒကာကြီး ဦးမာဒင်တို့က မဆိုနဲ့ ... (မဆိုပါ ဘုရား)အမှန်ပါ-အမှန်ပါ ... (မှန်ပါ့) ဒီမှာကြည့်ပါ ဖြစ်စဉ် ကိုက်ပါ.... (မှန်ပါ့)။

ဒကာဒကာမတို့ ဒီအတိုင်းပါပဲ....တဲ့၊ အဲဒီတော့ ကိုယ့်အိမ် ကိုယ်ပြန်တာ ဘာအပြစ်ရှိသတုံး....လို့ အံမာ– မေးမျှား ငေါ့ နှင့် အခက်ကြီး.... (မှန်ပါ့ဘုရား)။

ဟ ... အပြစ်က နည်းတဲ့အပြစ်မှမဟုတ်ဘဲ.... (မှန်ပါ့) ဒီ.... သူ့ညတကို နားမလည်ရင် နည်းတဲ့အပြစ်လား.... (မနည်းပါ ဘုရား)။

မနည်းဘူးတဲ့ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဆိုတော့ အနာဂတ်အကြောင်း သုံးခု ပေါ်လာတယ်.... (ပေါ်လာ ပါတယ်ဘုရား)၊ ပေါ်လာတော့ အနာဂတ် အကျိုးကျ တော့တဲ့ ဦးလှဘူး ဖြတ်လို့ရသေးသလား.... (မရပါဘုရား)။

ကိုင်း....ဒါဟာ ငါမရှိရင်ဆိုတဲ့ အဓိပ္ပာယ်.... (မှန်ပါ့) ငါ့ဥစ္စာတွေ ကစင့်ကရဲ ဖြစ်ကုန်ပြီဆိုတော့ ငါ့ဥစ္စာဆိုတာက တဏှာကလာတဲ့ ငါ.... (မှန်ပါ့)။

တဏှာလာတော့ တဏှာချည့်နေသေးရဲ့လား.... (မနေပါ ဘုရား) တဏှာပစ္စယာ....(ဥပါဒါနံပါ) ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါ) ဘမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) အဲ— ဇာတိဆိုရင်ပဲ ဇရာမရဏ သွားရှုပ်ရှိတယ်.... (မှန်ပါ့)။

http://www.dhammadownload.com

## (၂၁)

အဲဒီတော့ ခင်ဗျားတို့ ဒီကနေပြီးတော့ ကိုယ့်အိမ်ကိုယ့်ယာ ပြန်ကြသည့် ဥစ္စာသည် ဘုန်းကြီးက ဟာ....တရားချည့် အားထုတ်နေစေချင်တဲ့ သဘောပဲ ... ဒါ့ကြောင့် ဒိုကိုပြောတာပဲလို့ ဒီလိုမဆိုပါနဲ့.... (မှန်ပါ့ဘုရား)။

အားထုတ်စေချင်တာကတော့ဖြင့် မှန်ပါတယ်... (မှန်ပါ့) သို့သော် ခင်ဗျားတို့ကလဲ ဒီ ပဋိစ္စသမုပ္ပါဒ်နှစ်ခုကို ခင်ဗျားတို့က အိမ်ပြန်ပြီး နှုတ်ဆက်ချင်သေးတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဟာ— တချို့များ လောလောဆယ် နှုတ်ဆက်ချင်တယ်.... (မှန်ပါ့ဘုရား)။

ဦးလှဘူး ဘာတဲ့တုံး— (လောလောဆယ် နှုတ်ဆက်ချင်ပါတယ် ဘုရား)အရှေက်နွေးမှာစိုးတယ်....(မှန်ပါ) ဟာ....ဘယ်တုန်း အရှေက်နွေးမှာ ပြောစမ်းပါဦး.... ကိုယ့်အိမ်ကိုယ့်ယာတဲ့—၊ ကိုယ့်အိမ်ကိုယ့်ယာလို့ မပြောဘူးလား (ပြောပါတယ် ဘုရား)၊

ဩော်—ဒါဖြင့် ဘုရားဟောနဲ့ကိုက်ပြီ(မှန်ပါ့) ''စတ္တာရော အပါယာ သကဂေဟာသဒိသာ''တဲ့။ စတ္တာရောအပါယာ= အပါယ်လေးဘုံတို့သည်၊ သကဂေဟာသဒိသာ=မိမိ အမြဲနေရာ အိမ်ဂေဟာကြီးနဲ့ တူကုန်၏–တဲ့– (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အံမာလေး ကြောက်စရာကြီးပါလား ဒကာဒကာမတို့— (မှန်ပါ့) ခင်ဗျားတို့သိတာနဲ့ အခု ဘုန်းကြီး သေသေချာချာ ပါဠိတော်တွေ-အဋ္ဌကထာတွေ ကိုးပြီးဆကာလ ရှင်းရှင်းလင်း

http://www.dhammadownload.com



လင်းပြလိုက်တော့ သုညတမပါဘဲနဲ့ ပြန်ကြတော့မယ် ဆိုလို့ ရှိရင် ဦးလှသူ တယ်စိုးရိမ်စရာကောင်းတယ်....(စိုးရိမ်စရာပါ ဘုရား)။

သူတို့ကတော့ ဆိုလိမ့်မယ်တဲ့၊ ကိုယ့်အိမ်ကိုယ်ပြန်တာ ဘာ အပြစ်ရှိသတုံးလို့ ပြောလိမ့်မယ်၊ ဘုရားကပဲ ကိုယ့်အိမ်ဆိုတာ အပါယ်လေးပါးကွတဲ့....(မှန်ပါ့)မပြောဘူးလား....(ပြောပါ တယ်ဘုရား)။

ပမတ္တဿနာဝမ = သုညကိုမေ့တဲ့ ပုဂ္ဂိုလ်မည်သည်ကား၊ စတ္တာ ရောအပါယာ = အပါယ်လေးဘုံတို့သည်၊ သကဂေဟာသဒိသာ = အမြဲနေရာ မိမိအိမ်ဂေဟာကြီးပါပေတည်း (မှန်ပါ့) သေသေ ချာချာဓမ္မပဒအဋ္ဌကထာမှာလဲဖွင့်ပါတယ်(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်အိမ်ကိုယ့်ယာ ပြန်ကြဦး မလား....လို့ မေးလို့ရှိရင်ဖြင့် မပြန်လဲမဖြစ်ဘူး... (မှန်ပါ့ ဘုရား)။

ဟ.... ဘယ့်နှယ်ကြောင့်တုံး ပြောစမ်းပါဦး ဆိုလို့ရှိရင် ဒိဋ္ဌိတဏှာကြောင့်ဘုရား (မှန်ပါ့)။

ကဲ....ဒါဖြင့် ပြန်တော့ ပြန်တာပေါ့ ဒကာ ဒကာမတို့က အိမ်ရောက်လို့ရှိရင် သုညတမမေ့စေနဲ့.... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာမမေ့ရမှာလဲ (သုညတမမေ့ရမှာပါ ဘုရား) ဝေဒနာ ပေါ်တာကို ဝေဒနာလို့လဲ သိလိုက်၊ ဖြစ်ပျက်လို့လဲ သိလိုက်

http://www.dhammadownload.com



(မှန်ပါ့) သညာပေါ်လာရင်.... (သညာလို့လဲသိ၊ ဖြစ်ပျက်လို့လဲသိ) စိတ်ကလေးပေါ်လာရင်.... (စိတ်လို့လဲသိ ဖြစ်ပျက်လို့လဲ သိရှုပါမယ်ဘုရား)။

ဒီလိုဆိုတော့ ငါ-ငါ့ဥစ္စာမဟုတ်ကြောင်း မထင်ရှားဘူးလား.... (ထင်ရှားပါတယ်ဘုရား) အဲဒီလို ထင်ရှားတော့ကို ဒီပဋိစ္စသမုပ္ပါဒ် နှစ်ခုဟာ လာနိုင်သေးရဲ့လား... (မလာနိုင်ပါဘုရား)။

ဩော်...ဒါဖြင့် ဒီလိုဆိုလို့ရှိရင်လဲ၊ အင်း....နိဗ္ဗာန်ဆိုတာ ကိုယ့်အိမ်ကသွားလဲ ရတာပဲ... (မှန်ပါ့) ဓမ္မာရုံကသွားလဲ.... (ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်သွားတဲ့ ဥစ္စာသည်ကားလို့ဆိုရင် နေရာရွေးစရာ ရှိသေးရဲ့လား.... (မရှိပါဘုရား) မရှိပါဘူး၊ ဟင်းချက်ရင်း မီးဖိုချောင်ထဲက သွားတာတွေလဲ ရှိနေတာပဲ.... (မှန်ပါ့)။

ကဲ... ဒါဖြင့် ဒကာဒကာမတို့ ဘာအရေးကြီးသတုံး.... ဆိုတာဖြင့် ဒကာသိစ် ယနေ့တရားပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) ကဲ.... ဘာပေါ်ကြသတုံး .. (သုညတအရေးကြီးပါတယ်ဘုရား) သုညတဖြစ်ဖို့.... (မှန်ပါ့ဘုရား) ရှင်းကြပလား .. (ရှင်းပါပြီဘုရား)။

အင်မတန် အဖိုးတန်တယ် ဦးမာဒင်ရေ.... (တန်ပါတယ်ဘုရား) အင်မတန် အဖိုးတန်တယ်လို့ဆိုတာ သေချာပြီ... (သေချာပါတယ်ဘုရား)။

http://www.dhammadownload.com



သို့သော်... တုန်းကြီးသည် ဝဋ္ဋိစ္စသမုပ္ပါဒ်ကလေးတစ်ခု ပြပါရစေဦးတဲ့၊ အခု ဒိဋ္ဌပဋိစ္စသမုပ္ပါဒ်လေး ပြပြီးပါပြီ (မှန်ပါ) လောဘပဋိစ္စသမုပ္ပါဒ်.... (ပြပြီးပါပြီ) မောဟပဋိစ္စသမုပ္ပါဒ် ကလေးက ကျန်သေးတယ်... မှန်ပါဘုရား)။

မောဟ ပဋိစ္စသမုပ္ပါဒ်ကလေးက တခြား မဟုတ်ဘူး....တဲ့၊

ဝေဒနာလေးပေါ်လာတယ်ဆိုလို့ ရှိရင်ဖြင့် ဒကာဒကာမတို့ သည် ဝေဒနာရယ်လို့ မသိလိုက်ဘူး....(မှန်ပါ) မသိတဲ့နည်း သူ့ဟာသူဖြစ် သူ့ဟာသူချုပ်သွားတာ ခင်ဗျားတို့က သိလိုက် သေးရဲ့လား (မသိပါ) မသိလိုက်တော့ ဒုက္ခသစ္စာ မသိဘာဘဲ (မှန်ပါ) မသိလိုက်တော့ မသိတဲ့အဝိဇ္ဇာ ကလာတယ်.... (လာ ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ ...(သင်္ခါရာပါ) သင်္ခါရပစ္စယာ ... (ဝိညာဏံပါဘုရား)။

ဟော... ဒကာဒကာမတို့တဲ့ ယခုဘဝ အဝိဇ္ဇာသင်္ခါရနဲ့ နော် (မှန်ပါ) အနာဂတ်ဖြစ်တဲ့ဝိညာဏ်နဲ့ သွားဆက်ပြန်တယ် (မှန်ပါ) မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

ဒါဖြင့် သုညတမသိလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ပေါ် တယ်....(မှန်ပါဘုရား)။

သုညတမသိရင်.... (ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ပေါ်ပါတယ် ဘုရား) ဒီဟာ အင်မတန် အရေးပါတယ်လို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ)။

ဩော် .. ငါတို့သိနိုင်ခဲ့တဲ့အခိပ္ပာယ်လား၊ ဒါကြောင့်ဘုရား သခင်ကိုယ်တော်မြတ်ကြီးက သုညတဆိုက်ရင်လဲ သေမင်းမမြင်

http://www.dhammadownload.com



နိုင်တဲ့ နိဗ္ဗာန်ရောက်တယ်ကွာ...တဲ့ (မှန်ပါ) သဘောကျပလား-(ကျပါပြီ)။

သုညတဆိုက်ရင်- (သေမင်းမမြင်နိုင်တဲ့နိဗ္ဗာန် ရောက်ပါတယ်ဘုရား)သေမင်းမမြင်နိုင်တဲ့နိဗ္ဗာန်ရောက်တယ်လို့ သေသေချာချာ ဟောထားပြန်တော့လဲ ဩော်-သုညတ တရားလဲ အထူးအရေးကြီးတဲ့ တရားထဲ အဝင်အပါ-ပါကလားဆိုတာ အားလုံး ဦးလှဘူးနဲ့တကွ ဦးမောဒင်တို့ ဒကာသစ်တို့ မှတ်ရလိမ့်မယ်- (မှန်ပါ) မမှတ်ထိုက်ဘူးလား (မှတ်ထိုက်ပါတယ်ဘုရား)။

ဒီသုညတဆိုက်ရင်လဲ သေမင်းမမြင်နိုင်တဲ့နေရာ ရောက်သတဲ့ (မှန်ပါဘုရား) သုညတဆိုက်ရင်- (သေမင်းမမြင်နိုင်တဲ့နေရာ ရောက်ပါတယ်)။

အင်း-ဒါ သာမုတ်သစ္စာနယ်ကနေပြီး သေမင်းမမြင်နိုင်တဲ့နေရာ ရောက်တယ်ဆိုတာ နိဗ္ဗာန်ကို ဆိုတာပါပဲ-(မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘာဆိုက်ဖို့ အရေးကြီးသတုံး-(သုညတဆိုက်ဖို့ အရေးကြီးပါတယ်ဘုရား)။

သုညတဆိုက်ဖို့ ဆိုတော့ ဒကာသစ် သေသေချာချာမှတ်စမ်းပါ၊ တစ်ခုသောတရား တွေ့လိုက်လို့ရှိရင် ငါမဟုတ်ကြောင်းသိလို့ရှိရင်လဲ သုညတဖြစ်ပါတယ်- (မှန်ပါ) ငါ့ဥစ္စာမဟုတ်ကြောင်း သိလို့ရှိရင်လဲ- (သုညတ ဖြစ်ပါတယ်ဘုရား)။

ဩော်-ဒါဖြင့် ငါမဟုတ်ကြောင်း သိလိုက်လို့ ရှိရင်လဲ သုညတဖြစ်တယ်- (မှန်ပါ) ငါ့ဥစ္စာမဟုတ်ကြောင်း သိပြန်ရင်လဲ (သုညတဖြစ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဩော်....ဒါဖြင့် ဒို ဒီနှစ်လုံးသိဖို့ တယ်အရေးကြီးပါက လား.... (ကြီးပါတယ်ဘုရား) ဒီနှစ်လုံး သိလိုက်ရင် ဒကာ ဒကာမတို့ ကိုယ့်သန္တာန်မှာ သုညတမဂ်ဟာ ဖြစ်ပေါ်လာ တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သုညတမည်တဲ့ မဂ်လာတာပဲ ...(မှန်ပါ့) မလာပါနဲ့ဆိုလို့ (မရပါဘုရား)။

ဩော်....ဒါဖြင့် ဒီလို လုပ်ကြစို့နော်.... ဒကာ ဒကာမတို့ အလုပ်လုပ်မှပဲ ပေါ်တော့မယ်.... (မှန်လှပါဘုရား)၊ အလုပ် မလုပ်လို့ရှိရင်ဖြင့်....(မပေါ်ပါဘုရား) ပေါ်စရာအကြောင်း မရှိဘူးဆိုတာ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ပြပါဦးမယ်၊ ဒကာဒကာမတို့ အတော် အရေးကြီးတဲ့တရားလို့ ဆိုတာကိုလဲ ဒကာဒကာမတွေ ကိုယ့် အတွက်မှာဖြင့် အနာရှိတဲ့ပုဂ္ဂိုလ်ဟာဖြင့် ကုရမည့်ဆေး ပေး ရင် အရေးကြီးတယ်ယူမှာ....(မှန်ပါ့)။

အနာပျောက်တဲ့ဆေး ပေးလို့ရှိရင် အနာရှိတဲ့ပုဂ္ဂိုလ်မှာ ဖြင့် အနာပျောက်တဲ့ဆေး ပေးလိုက်လို့ရှိရင်ဖြင့် ကိုယ့်အတွက် မှာဖြင့် အရေးကြီးတယ်ယူဆမှာ....(မှန်လှပါ)။

အဲဒီတော့ ဒကာဒကာမတွေ သန္တာန်မှာ ခန္ဓာကိုယ်ကြီး ဟာ 'ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာ ဓတော'ဆိုတဲ့ မနေ့က ပြောခဲ့တဲ့တရား အတိုင်း ရောဂါ အမျိုးမျိုးရှိတဲ့ ခန္ဓာကိုယ်ကြီးကို သုညတမဂ်နဲ့ ဒကာဒကာမ တွေ ကုလိုက်လို့ရှိရင် ပျောက်သွားလို့ရှိရင်လဲတဲ့ ဩော်....

http://www.dhammadownload.com



ဒို့ရောဂါရှိလို့ ဒီတရားဆေးဟာ အရေးကြီးတာပဲ မှတ်လိုက် (မှန်ပါ့ဘုရား)။

ရောဂါ မပျောက်သေးရင်ဖြင့် .... (အရေးကြီးပါတယ် ဘုရား) အရေးကြီးတာချည့်ပဲဆိုတာ သေသေချာချာမှတ်ပါ- (မှန်ပါ့ဘုရား)။

ရောဂါ မပျောက်သေးရင် .... (အရေးကြီးတာချည့်ပါ ဘုရား) အရေးကြီးတာချည့် မှတ်ကြဆိုတော့ ဒကာဒကာမတို့ ဒါဖြင့် အလုပ်သင်ပါတော့မယ် သုညတ ဆိုက်အောင် .... (မှန်လှပါ)။

သုညတဆိုက်အောင် ဘာလုပ်တော့မယ်.... (အလုပ်သင် ပါတော့မယ် ဘုရား)။

အလုပ်သင်တော့မယ်ဆိုတော့ ဩော်....ဘုန်းကြီး တရား ဟောနေတာ နာလို့တော့ ကောင်းပါရဲ့ ဘာလုပ်ရမှန်း မသိ ဘူးလို့ ခင်ဗျားတို့ တော်တော်ကြာ မပြောနဲ့ .. (မှန်ပါ့)။

ဘုန်းကြီးက တရားဟောတာပဲ အပြောလဲ ကောင်းပါ တယ်၊ နားလည်အောင် ရှင်းအောင်လဲ ပြောပါတယ်၊ လုပ် တော့ ဘာလုပ်ရမှန်းမသိဘူးလို့ ဒီအထဲ တချို့ကလဲ ပါချင် ပါမယ်....(ပါပါမယ့်ဘုရား) ဒီလိုမပါစေနဲ့တဲ့၊ အခု အလုပ် သင်တော့မယ်လို့ မှတ်... (မှန်လှပါဘုရား)။

ဘာပါလိမ့်... (အလုပ်သင်ပါတော့မယ်ဘုရား)။

အလုပ်သင်တော့ အစက ဒီနာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်တွေ ဒါတွေက ပြီးခဲ့ပြီ၊ နေ့တိုင်း နေ့တိုင်း မသင်နိုင်ဘူး... (မှန်ပါ့)ရှုနည်းမှတ်နည်းပဲ သင်ဖို့ပဲ (မှန်ပါ့) ဒကာဒကာမတွေ ရိမ်မိပလား... (ရိပ်မိပါပြီ)။

http://www.dhammadownload.com



ဘာသင်မှာပါလိမ့်....(ရှုနည်း၊မှတ်နည်း သင်မှာပါဘုရား) အေး....ဒါကို သင်ကြပါစို့ ...ဒါကို သင်ကြပါစို့၊ဒီဖြင့်ဟာတွေ သင်နေလို့ရှိရင်ဖြင့် အရှင်လူတွေက တယ်နာတယ် ဒကာသစ်ရ... (မှန်ပါ) မနာဘူးလား....(နာပါတယ်ဘုရား)။

အရှင် ရုပ်နာမ် ကွဲပြီးသား အကြောင်းအကျိုး ဆက်တတ်ပြီးသား၊ နာမရူပ ပရိစ္ဆေဒဉာဏ်လောက် သိပြီးသား၊ ပစ္စယ ပရိဂ္ဂဟဉာဏ်လောက်ကို သိပြီးသား၊ ပစ္စယ ပရိဂ္ဂဟဉာဏ် ဆိုတာကတော့ ဘုန်းကြီးဟောနေတယ်၊ ဦးမာဒင် နေ့တိုင်း ပဋိစ္စသမုပ္ပါဒ်ပါနေတာ ဒါ ပစ္စယ ပရိဂ္ဂဟဉာဏ်တွေပါပဲ.... (မှန်ပါဘုရား)။

ကဲ....ဒါဖြင့် ဒကာ ဒကာမတို့ သုညတမဆိုက်ရင် ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးလာသတုံး (သုံးမျိုးလာပါတယ်ဘုရား) ဩော် .. သုညတမဆိုက်ရင် သုံးမျိုးလာတယ်နော်.... (မှန်ပါဘုရား)။

သုံးမျိုးလာလို့ရှိရင်ဖြင့် ဒကာဒကာမတို့ သမုဒယနဲ့ ဒုက္ခသစ္စာလာတယ်... (မှန်ပါ)သုံးမျိုးစလုံးဟာ သမုဒယနဲ့ ဒုက္ခချည့်ပဲ....(မှန်ပါ)။

သုံးမျိုးစလုံးဟာ–(သမုဒယနဲ့ဒုက္ခချည့်ပါဘုရား)ကောင်းပြီ၊ သုညတဆိုက်သွားရင် သမုဒယနဲ့ဒုက္ခချုပ်တယ်....(မှန်ပါ) ဒါဖြင့် နှစ်ခုချုပ်ရင် နှစ်ခုပေါ်မှာပဲ(မှန်ပါ)။

နှစ်ခုချုပ်ရင်.... (နှစ်ခုပေါ်မှာပါဘုရား) အင်း....ဒါဖြင့် ဒကာဒကာမတို့ သမုဒယနဲ့ ဒုက္ခချုပ်သွားတယ်ဆိုရင် နိရောဓ

http://www.dhammadownload.com



နဲ့ မဂ္ဂပေါ်ဖို့ပဲ.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အေး.... ဒါကြောင့် ရှိရှိသေသေ ကျိုးကျိုးနွံနွံ လိုလို ချင်ချင် သံသရာဘေးကြောက်ပြီး သကာလ ကိုင်း.... ဒကာ ဒကာမတို့ နာကြ၊ အလုပ်ပြတော့မယ်(မှန်ပါ) ကဲ....အလုပ် ပြတော့မယ် သေသေချာချာကြည့်ကြ။

· ဒကာဒကာမတို့သန္တာန်မှာ ဝေဒနာလဲ သုံးမျိုးပဲရှိတယ်.... (မှန်ပါဘုရား)အလွန်ဆုံး ငါးမျိုးရှိတယ် ထားလိုက်ပါတော့၊ သို့သော် သုံးမျိုးထဲ ပေါင်းလိုက်ရင်လဲ အတွင်းဝင်သွားလို့ ဘုရားက သုံးမျိုးပဲလို့ ဟောလိုက်ပါတယ်....(မှန်ပါဘုရား)။

ကိုင်း....ဒကာဒကာမတို့ ကိုယ်ပေါ်မှာ ယားမယ်၊ နာမယ်၊ အောင့်မယ်ဆိုတာ ဘာဝေဒနာတုံး (ဒုက္ခဝေဒနာပါဘုရား)။

အင်း.... ဒုက္ခဝေဒနာ သိသွားတတည်းက ဒါ ပုဂ္ဂိုလ် သတ္တဝါ ပျောက်နေပြီ(မှန်ပါဘုရား) ပုဂ္ဂိုလ်သတ္တဝါ ပျောက် ပြီ ဒကာဒကာမတို့....(မှန်ပါ) ဒီကတည်းက ပုဂ္ဂိုလ် သတ္တဝါ ပျောက်တယ်ဆိုတာ ငါ ပျောက်တာပဲ ...(မှန်ပါဘုရား) ငါ တစ်ခု ဆိတ်သုဉ်းသွားပြီ.... (မှန်ပါ) ဝေဒနာ ပေါ်တာကို ဝေဒနာပေါ်မှန်းသိရင် ငါ တစ်ခု ဆိတ်သုဉ်းသွားပြီ(မှန်ပါ ဘုရား)။

သို့သော်လဲ ဒကာဒကာမတွေကဝေဒနာပေါ်တာ ဝေဒနာ ပေါ်မှန်းသိရင် ငါ ပျောက်ပြီ.... (မှန်ပါ) ဝေဒနာကိုး ဒကာသစ်ရ(မှန်ပါ) ငါဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား)။

ဒီဝေဒနာကလေးကို တစ်ခါ ဦးမာဒင်က စောင်ဆိုင်းပြီး နည်းနည်းကြည့်လိုက်တဲ့ပေါ့ဗျာ (မှန်ပါ) ကြည့်လိုက်တော့

http://www.dhammadownload.com



ဝေဒနာကလေး၏ သက်တမ်းကလဲ ၁-နဲ့ ၂-ပဲရှိတယ် (မှန်ပါ) ၁-မှာဖြစ်ပြီး ၂-မှာပျက်ရှာတယ်....(မှန်ပါ) မပျက်ဘူးလား (ပျက်ပါတယ်ဘုရား)။

ဒါဖြင့် အပျက်မြင်လိုက်တယ်.... (မှန်ပါ) အပျက်မြင်လိုက်တော့ ငါ့ဥစ္စာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဟာ....ဒါဖြင့် အဖြစ်မြင်ရင် ငါပြုတ်တယ်.... (မှန်ပါဘုရား) အပျက်မြင်ရင် ငါ့ဥစ္စာပြုတ်တယ်.... (မှန်ပါ) သေချာပလား (သေချာပါပြီဘုရား)။

အဖြစ်မြင်ရင်.... (ငါပြုတ်တယ်)၊ အပျက်မြင်ရင်.... (ငါ့ဥစ္စာပြုတ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒို့ဟာ ဖြစ်ပျက်မြင်ဖို့ အရေးကြီးတယ်.... (မှန်ပါ) ဦးမှာဒင် ဒီရောက်တာပဲ.... (ရောက်ပါတယ်) ဒီရောက်တာပဲ၊ ဒီကလွဲလို့ကို ဟောလို့မရဘူး.... (မှန်ပါ) သုံးဆယ့်တစ်ဘုံထဲမှာရှိတာကလဲ ဖြစ်ပျက်ပဲရှိတာကိုး (မှန်ပါ) ဒီပြင်ဟာက တန်းဆာသာဆင်နေရတယ် ဒကာ ဒကာမတို့ ဒါ ရှုဖို့ပါပဲ....(မှန်ပါဘုရား)။

ကဲ....ဒကာ ဒကာမတို့ ငါက ဒိဋ္ဌိ၊ ငါ့ဥစ္စာက တဏှာ.... (မှန်ပါ) ငါ-ငါ့ဥစ္စာ မပြုတ်လို့ရှိရင်လဲ ပဋိစ္စသမုပ္ပါဒ် တန်းတာပဲ....(တန်းပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ငါ-ငါ့ဥစ္စာ မပြုတ်သတုံးလို့ မေးတဲ့အခါလဲ ဒီက မမြင်အပေါ်၌ သူညာတမဖြစ်လို့.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဓမ္မအပေါ်၌ (သုညတမဖြစ်လို့ပါ) ဓမ္မအပေါ်၌ သုညတ မဖြစ်လို့လို့ သေသေချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ယားတယ် ဘာဝေဒနာတုံး.... (ဒုက္ခဝေဒနာပါ) ဩော်....ယားတိုင်း ယားတိုင်း ဒါ-ဒုက္ခဝေဒနာပါကလား.... ဒါဒုက္ခဝေဒနာပါကလားလို့ သိနေလို့ရှိရင်လဲ ဒကာဒကာမ တို့ ဝေဒနာအလုပ်သာ ဖြစ်တော့တယ်၊ ငါအလုပ်မရှိဘူး.... (မရှိပါဘုရား) ဒီကတည်းက ငါပြုတ်ပြီ-(မှန်ပါ့) မပြုတ် သေးဘူးလား- (ပြုတ်ပါတယ်ဘုရား)။

ကဲ-ယားတတ်ကြပလား ခင်ဗျားတို့- (ယားတတ်ပါပြီ) ယားတိုင်းယားတိုင်း ဒါဘာဝေဒနာတုံး- (ဒုက္ခဝေဒနာပါ) နာတိုင်းနာတိုင်း ဘာဝေဒနာတုံး- (ဒုက္ခဝေဒနာပါ)သို့သော် လဲ ဒုက္ခဝေဒနာတော့ သိပြီဆိုတော့ ဦးမာဒင် ဘာပြုတ်သွား သတုံး- (ငါပြုတ်သွားတယ်) ငါပြုတ်သွားတယ်- (မှန်ပါ့) ငါပြုတ်ပြီနော်- (မှန်ပါ့ဘုရား)။

ငါပြုတ်တယ်၊ စောင့်ကြည့်-စောင့်ကြည့် ဒကာဒကာမတို့ ဝိပဿနာဆိုတာ စောင့်ကြည့်ရတဲ့ အလုပ်မျိုး- (မှန်ပါ့) စောင့်ကြည့်တော့ ဝေဒနာကလေးကလဲ ပျောက်ပျက် သွား တာပဲ- (မှန်ပါ့) ပျောက်ပျက်မသွားဘူးလား (ပျောက်ပျက် သွားပါတယ်ဘုရား) ပျောက်ပျက်သွားတော့ ငါ့ဥစ္စာမဟုတ် လို့ ပျောက်တာ-(မှန်ပါ့ဘုရား)။

အင်း- ပျောက်သွားတော့ ဘာပြုတ်သွားပါလိမ့်၊ ငါ့ဥစ္စာ ပြုတ်သွားပါတယ်၊ တဏှာပြုတ်တယ်- (မှန်ပါ့) ငါ့ဥစ္စာဆိုတဲ့ တဏှာပြုတ်တယ်- (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ပေါ်လာတယ်လို့သိလို့ရှိရင် ငါပြုတ်တယ်-(မှန်ပါ့) ပျက်သွားပြီလို့သိရင်.... (တကယ့်ပြုတ်ပါတယ်) ငါ့ဥစ္စာပြုတ်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါကလေး ရှင်းနေအောင် ဦးမာဒင် ပြောရဦးမယ်(မှန်ပါ့) ပြောရမယ်-ပြောရမယ်၊ ဒီဥစ္စာကလေးဟာ ဩော်....ဒို့ဖြစ်ပျက် အလွန်ကျေးဇူးများတာပါကလားဆိုတဲ့ဥစ္စာ ဒကာဒကာမတို့ ယနေ့ ရှင်းရှင်းလင်းလင်းကြီး နားလည်ရတဲ့အတွက် သေပျော်တဲ့တရား... (မှန်ပါ့) သေပျော်တဲ့တရားလို့ သေသေချာချာ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား)။

ကဲ... ယားတယ်-ယားတယ် ဒကာဒကာမတို့ ကျောကယားတယ် ဟုတ်လား.... (မှန်ပါ့) ကျောကယားနေရင် ယားတာ ဘာဝေဒနာတုံး.... (ဒုက္ခဝေဒနာပါ) အင်း-- ဒုက္ခဝေဒနာကလေးတစ်ခု ပေါ်တာပဲလို့ မသိလိုက်ဘူးလား.... (သိလိုက်ပါတယ်ဘုရား) ဘာဖြစ်သွားသတုံး - (ငါပြုတ်သွားပါတယ်) ဟာ....ဒကာသစ် နေရာကျပြီ ... (မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာပြုတ်သွားသတုံး-(ငါပြုတ်ပါတယ်)မြန်မာလို ငါပြုတ်တယ်၊ စာလိုတော့ ဒိဋ္ဌိပြုတ်တယ်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဝေဒနာ့အလုပ်သာ ရှိတော့တယ်၊ ငါ့အလုပ် ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ကိုင်း.... စောင့်ကြည့်ပါဦး၊ စောင့်ကြည့်ပါဦး ဆိုတော့ ပျက်တာကလေးတွေ့လိမ့်မယ်.... (မှန်ပါ့) မတွေ့လားဗျာ— (တွေ့ပါတယ်) ပျက်တာကလေးတွေ့တော့ ငါ့ဥစ္စာ မဟုတ်—

http://www.dhammadownload.com



လို့ ပျက်တာပေါ့....(မှန်ပါ့)ငါ့ဥစ္စာဖြင့် ငါစီမံနေသလိုနေဖို့ပဲ (မှန်ပါ့) ဒီလိုကော နေကြရဲ့လား– (မနေပါ) မနေတာ ထောက်တော့ ပျက်တာ မြင်လိုက်တော့ ဘာပြုတ်သတုံး– (ငါ့ဥစ္စာ ပြုတ်ပါတယ်) နေရာကျပြီ.... (မှန်ပါ့ဘုရား)။

မြန်မာလိုပြောလိုက်တဲ့ အခါကျလို့ရှိရင် ဒကာ ဒကာမတို့ ငါ့ဥစ္စာပြုတ်တာပဲ(မှန်ပါ့) စာလိုပြောကြစို့ ဆိုတော့ တဏှာ ပြုတ်သွားတယ်– (မှန်ပါ့ဘုရား)။

စာလိုပြောကြစို့ ဆိုတော့–(တဏှာပြုတ်ပါတယ်) ဩော်– ဒါဖြင့် အဖြစ်မြင်ရင် ငါပြုတ်–(မှန်ပါ့) အပျက်မြင်ရင် ငါ့ ဥစ္စာပြုတ်– (မှန်ပါ့ဘုရား)။

အဖြစ်မြင်ရင်– (ငါပြုတ်ပါတယ်) အပျက်မြင်ရင်– (ငါ့ ဥစ္စာ ပြုတ်ပါတယ်) သဘောကျပလား– (ကျပါပြီ) ရှင်းပြီ နော်– (ရှင်းပါပြီဘုရား)။

ကိုင်း–ဒကာ ဒကာမတို့ ငါ-ငါ့ဥစ္စာပြုတ်တော့ကိုဒါ-သုည တ ဆိုက်သွားပြီ– (မှန်ပါ့) ဝေဒနာအပေါ်၌ သုညတဆိုက် သွားပြီ– (မှန်ပါ့) မဆိုက်သေးဘူးလား– (ဆိုက်ပါပြီ ဘုရား)။

ဘယ်အပေါ်၌ ဆိုက်ပါလိမ့်– (ဝေဒနာအပေါ်၌ ဆိုက်ပါ တယ် ဘုရား) ဝေဒနာ့အပေါ်၌ ငါကော ရှိသေးရဲ့လား– (မရှိပါဘုရား) အင်း– ငါ့ဥစ္စာကော (မရှိပါ) အင်း–ဒါဖြင့် ဝေဒနာ့အပေါ်၌ သုညတဆိုက်သွားတော့ ဒီတရားသည် သုညတမဂ် သွားဖြစ်တယ်– (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ရှုတဲ့တရားကလေးက.... (သုညတမဂ် သွားဖြစ်ပါတယ် ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာဖြစ်သွားပါလိမ့် (သုညတမဂ် သွားဖြစ်ပါတယ်ဘုရား) အဲ.... ဒီက သုညတဖြစ်တော့ ဒီက ရှုတာကလဲ သုညတမဂ်ပေါ့– (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဘက်က ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ပြုတ်သွားပါလိမ့်.... သုံးမျိုး....(မှန်ပါ့) ဒုက္ခသစ္စာလို့ မသိတဲ့ အဝိဇ္ဇာပဋိစ္စသမုပ္ပါဒ်လဲ ပြုတ်ပါတယ်.... (ပြုတ်ပါတယ် ဘုရား) ငါ့ဥစ္စာလို့ စွဲလမ်းနေတဲ့ တဏှာပဋိစ္စသမုပ္ပါဒ်လဲ.... (ပြုတ်ပါတယ်ဘုရား) ငါလို့ စွဲထားတဲ့ ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်လဲ.... (ပြုတ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဦးလှဘူးတို့၊ ဦးမာဒင်တို့၊ ဒကာသစ်တို့ ပဋိစ္စသမုပ္ပါဒ် တစ်ချက်ခုတ် သုံးချက်ပြတ်....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ....(တစ်ချက်ခုတ်သုံးချက် ပြတ်ပါတယ် ဘုရား)။

ဩော်....ဒါဖြင့် ဒီဘက်မှာ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ချုပ်တယ်–(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ– (သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာချုပ်ပါတယ်ဘုရား)။

ဟာ-ဒကာသစ် သမုဒယနဲ့ ဒုက္ခချုပ်ငြိမ်းလို့ ရှိရင်ဖြင့် ၄-ထဲမှာ ၂–နှုတ်ရင်(၄–၂=၂)၂–ကျန်ရမယ် (မှန်ပါ့) သစ္စာလေးပါးကိုး– (မှန်ပါ့) ချုပ်ပျောက်သွားတာက ဘယ်နှစ်သစ္စာတုံး– (နှစ်သစ္စာပါ) ဒါဖြင့် ကျန်ရစ်တာက ဘယ်

http://www.dhammadownload.com



နှစ်သစ္စာတုံး.... (နှစ်သစ္စာပါဘုရား) ကျန်ရစ်တာ နိရောဓနဲ့ မဂ္ဂကျန်ရစ်ရမယ် ...(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ဩော်....နိဗ္ဗာန်နဲ့-မဂ် ကျန်ရစ်တော့တာပဲ ဆိုတာကို ခင်ဗျားတို့ သုညတဆိုက်တဲ့ပုဂ္ဂိုလ်မှာ ဒါ့ကြောင့် သေမင်း မမြင်နိုင်ဘူးဆိုတော့ သူ-နိဗ္ဗာန်ရောက်လို့ မမြင်ဘူး ပြောတာ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်... ဒကာ ဒကာမတို့ သေပျော်တဲ့ တရားဆိုတာပေါ် ကြပလား... (ပေါ်ပါပြီ) ကိုင်း... ခင်ဗျားတို့ရှေ့တွင် ဖြတ်တဲ့ ပဋိစ္စသမုပ္ပါဒ်ပါ....(မှန်ပါ့ဘုရား)။

ဦးမာဒင် ဒီဥစ္စာ အပြောလား၊ အမြင်လားဗျာ(အမြင် ပါဘုရား)ခန္ဓာဖြစ်စဉ်နဲ့လဲ ဒီအတိုင်းပဲမဟုတ်လား- (ဒီအတိုင်း ပါဘုရား) ဒါ-ခန္ဓာဖြစ်စဉ်ကိုပြတာ....(မှန်ပါ့)ပဋိစ္စသမုပ္ပါဒ် ဆိုတာ ခန္ဓာ့ဖြစ်စဉ်ကို ပြခြင်းဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၌ သုညတဖြစ်ဖို့ သုညတဖြစ်ဖို့ အတော်အရေးကြီးပါလား ဆိုတာ ပေါ်လာ တယ်.... (ပေါ်လာပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ကဲ....ဒါဖြင့် ဒီက သုညတမဂ် ဖြစ်တော့ကို ဒီဘက်မှာ သမုဒယနဲ့ ဒုက္ခချုပ်သွားတဲ့ အခါကျတော့ အင်း...ဒါလဲ ဒကာ ဒကာမတို့ ဒီပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းတဲ့....သခါရ ဆိတ်သုဉ်းတဲ့.... နိဗ္ဗာန်ပေါ်လာတယ်.... (ပေါ်လာပါတယ်) မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

http://www.dhammadownload.com



သူညတနိဗ္ဗာန်ပဲ ပေါ်လာတယ်… (မှန်ပါ့) သဘောကျပလား….(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ရှုစရာသည် ကဲ….သုခဝေဒနာကလေး စိတ်ထဲချမ်းသာတာကလေး ပေါ်လာတယ်၊ ဒကာ ဒကာမတို့ ဘာဝေဒနာပါလိမ့်…. (သုခဝေဒနာပါ ဘုရား)။

အင်း….ဒီလိုသိလိုက်တယ်၊ ပေါ်တာကလေးသိလိုက်တယ်- (မှန်ပါ့) ဒီကတည်းက ဘာပြုတ်သတုံး…. (ငါပြုတ်ပါတယ်) ငါပြုတ်ပြန်ပြီ….(မှန်ပါ့)။

စောင့်ကြည့်-စောင့်ကြည့်ဆိုတော့ ကြည့်ရင်းမတ္တန့် ပျက်လာတယ်… (မှန်ပါ့) မပျက်ဘူးလား….(ပျက်ပါတယ်) ဘာပြုတ်သွားသတုံး….(ငါ့ဥစ္စာပြုတ်သွားပါတယ်ဘုရား)။

ဒါဖြင့် ငါ-ငါ့ဥစ္စာ ပြုတ်သွားတော့ကို သူညတမဂ် သွားရတယ်….(မှန်ပါ့) ငါ-ငါ့ဥစ္စာ ပြုတ်သွားတယ်ဆိုကတည်းကိုက ဒကာ ဒကာမတို့ သူ သူညတကြောင့်ဖြစ်တဲ့ မဂ်ကရနေပြီ…. (မှန်ပါ့) မရသေးဘူးလား….(ရပါတယ်ဘုရား)။

ရရင် ပဋိစ္စသမုပ္ပါဒ်က သုံးခုစလုံး ဘယ့်နှယ်နေသတုံး…. (ပြုတ်ပါတယ်ဘုရား)။

သုံးခုကိုလဲ သစ္စာဖွဲ့လိုက်တော့ သစ္စာနှစ်ခု…. (မှန်ပါ့) ဘာသစ္စာ ဘာသစ္စာတုံး (သမုဒယနဲ့ ဒုက္ခပါဘုရား) သမုဒယနဲ့ ဒုက္ခပြုတ်ထွက်သွားတယ်….(မှန်ပါ့)။

http://www.dhammadownload.com



ဩဘြ်- ဒကာ ဒကာမတို့ သမုဒယနဲ့ ဒုက္ခ နှစ်ခုပြုတ်ပါတယ်ဆိုကတည်းက ၄ ထဲ ၂ နုတ်ပါ-(၂ ပဲ ကျန်ပါတယ်ဘုရား) ဘာကျန်ပါလိမ့်ဗျာ-(နိရောဓနဲ့ မဂ္ဂပါ) နိရောဓနဲ့ မဂ္ဂမကျန်ရစ်ဘူးလား-(ကျန်ရစ်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ဒကာ ဒကာမတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အဝေးကြီးလား အောက်မေ့နေတယ်၊ တစ်ခုပြုတ်တစ်ခုကျန်တာပဲဆိုတာ သိလိုက်သဖြင့် ဒကာဒကာမတို့ အင်မတန် အဖိုးတန်သွားပါပြီ- (တန်ပါပြီဘုရား) မတန်သေးဘူးလား (တန်ပါတယ်ဘုရား)။

ကိုင်း—ဒါဖြင့် ဝေဒနာပေါ်တိုင်းသိ၊ ဝေဒနာပျက်တိုင်းသိ (မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဝေဒနာပေါ်တိုင်း- (သိရပါမယ်) ဝေဒနာပျက်တိုင်း—(သိရပါမယ်) ဒါဖြင့် ပေါ်တာသိတော့ကို ဘာပျောက်သတဲ့ (ငါပျောက်ပါတယ်) အပျက်သိတော့- (ငါ့ဥစ္စာပျောက်ပါတယ်ဘုရား)။

ငါ့ဥစ္စာ ပျောက်ပါတယ်ဆိုတာ သေချာတော့ သုညတဆိုက် မဆိုက်—(ဆိုက်ပါတယ်ဘုရား)ငါ-ငါ့ဥစ္စာဆိတ်သုဉ်းတဲ့တရား- (မှန်ပါ့ဘုရား)။

ဒီသုခဝေဒနာကလေးဟာ ဘာတဲ့- (ငါ-ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့ တရားပါဘုရား) ဒါဖြင့် သုညတ မဆိုက်သေးဘူးလား- (ဆိုက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ကိုင်း.... ဒါဖြင့် သညာတဆိုက်တော့ ဒီမဂ်သည်ကားလို့ ဆိုရင်ဖြင့် သညာတမဂ်ဖြစ်သွားတာပဲ.... (မှန်ပါ) ဒီမဂ်သည် ဘာဖြတ်ပါလိမ့်မတုံး မေးတော့မှ သမုဒယနဲ့ ဒုက္ခကို ) ဖြတ်ပါတယ်ဘုရား)။

ဒါ ခုနင်က ပဋိစ္စသမုပ္ပါဒ် ပြပြီးမို့ ဦးမာဒင် ရှင်းတာနော်....(မှန်ပါ) နို့မဟုတ်ရင် ရှင်းပါ့မလား.... (မရှင်းပါဘုရား)။

ကိုင်း... ဒါဖြင့် အားလုံးဒကာဒကာမတို့ ဩော်.... သညာတတစ်လုံးဟာလဲ ကိစ္စပြီးပါကလား ....(မှန်ပါ့ဘုရား)။

သညာတ တစ်လုံးဟာလဲ.... (ကိစ္စပြီးပါတယ်) ကိစ္စပြီးတယ်ဆိုတာ ခင်ဗျားတို့ စာမသင် ပေမသင်နဲ့လဲရှိပါစေတော့ (မှန်ပါ) ဆရာကောင်း သမားကောင်းလဲ မတွေ့တော့ဘူးဆိုရင် စာအုပ်ထဲ ဘာတွေ ရေးထားထား ဦးမာဒင် မသိဘူး-(မှန်ပါ) သိမှာ့မလား....(မသိပါဘုရား)။

အခုတော့ဖြင့် ဩော်.... တစ်ခုပေါ်လာတာကို ဝေဒနာပေါ်လာတာကို ဝေဒနာရယ်လို့ သိရင်ပဲ ဓိဋ္ဌိပြုတ်ပြန်ပြီ .... (မှန်ပါ) ဝေဒနာ ပျက်တာကလေး ဉာဏ်နဲ့ မြင်လိုက်ရင်ပဲ (တဏှာပြုတ်ပါတယ်ဘုရား)။

- တဏှာပြုတ်ပြီဆိုတော့ ငါပြုတ် ငါ့ဥစ္စာပြုတ်.... (မှန်ပါ) ဉာဏ်နဲ့ပြုတ်ရင်ပြီးတာပဲ....(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာနဲ့ ဖြုတ်ရမတုံး.... (ဉာဏ်နဲ့ ဖြုတ်ရပါမယ် ဘုရား) ဉာဏ်နဲ့ပြုတ်သွားတာဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

http://www.dhammadownload.com



ဒြေဒ်...ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဉ်တဲ့ ဒီဟာကလေးတစ်လုံးဟာ ပေါ်လာတဲ့တရားကလေးတွေ၏ ပေါ်တာ သိမှု၊ ပျက်တာသိမှုသည် ပေါ်တာ သိရင် ဒိဋ္ဌိပြုတ်... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)၊ ပျက်တာ သိရင် တဏှာပြုတ် ... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ပေါ်တာသိရင်.... (ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)၊ ပျက်တာ သိရင် (တဏှာပြုတ်ပါတယ်ဘုရား) ကဲ....ဒကာသစ် နေရာကျပြီ ...(ကျသွားပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒကာဒကာမတို့ တဏှာဒိဋ္ဌိ ပြုတ်ပါတယ် ဆိုကတည်းကိုကပဲ... တဲ့၊ ပဌမနိဗ္ဗာန် မရဘဲ ခံနိုင်ပါ့မလား....(မခံနိုင်ပါဘုရား)။

ပဌမနိဗ္ဗာန်ဟာ ဘာမှ ကျင့်စရာမလိုဘူး၊ ဒိဋ္ဌိပြုတ်အောင် လုပ်နိုင်ရင် ပြီးတာပဲ.... (မှန်ပါ့)၊ ဒိဋ္ဌိနဲ့တွဲနေတဲ့ တဏှာပြုတ်သွားလို့ရှိရင်လဲ ပြီးတာပဲ.... (မှန်ပါ့) ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

သို့သော်....ပဌမနိဗ္ဗာန်ကန့်ကွက်တာက ဒိဋ္ဌိခေါင်းဆောင် (မှန်ပါ့) ဒိဋ္ဌိပြုတ်ရင် ပဌမနိဗ္ဗာန်ရတာပဲ....(မှန်ပါ့)ရှင်းကြပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ သုညတတရား အားမထုတ်တဲ့ပုဂ္ဂိုလ်များ ပဌမနိဗ္ဗာန်ရဖို့ကို ဒကာသစ် ဝေးပါသေးတယ် (ဝေးပါတယ်ဘုရား) ပဌမနိဗ္ဗာန်ကို ကန့်ကွက်နေတာသည် သုညတဲနားမလည်မှု....(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ပထမနိဗ္ဗာန် မရောက်မှုသည် (သုညတ နားမလည်မှုပါ) သုညတ နားမလည်မှုလို့ဆိုတော့ အခု သေသေချာချာ ကြည့်တော့ စာသိနဲ့မရပါဘူး.... (မရပါ) ဉာဏ်နဲ့ကြည့်မှရမယ်— (မှန်ပါ့ဘုရား)။

စာသိနဲ့....(မရပါ)ဉာဏ်နဲ့ကြည့်မှ(ရပါမယ်) ကဲ....ဒါဖြင့် ဒကာဒ ကာမတွေ သန္တာန်၌ လေကလေးကတိုက် ပန်ကာကလေးက အပေါ်ကလည်နေတော့ လေကလေးက တိုက်တော့ ဖောဋ္ဌဗ္ဗာရုံကလာထိတော့ သုခသဟဂုတ်ကာယဝိညာဏ်ဆိုတဲ့ ဝေဒနာကလေး မပေါ်ဘူးလား....(ပေါ်ပါတယ်)သုခဝေဒနာကလေး ပေါ်တယ်....(ပေါ်ပါတယ်ဘုရား)။

သုခဝေဒနာကလေး ပေါ်တာကို ပေါ်တာ သိလိုက်တဲ့အခါကျတော့ ဉာဏ်နဲ့သိမယ် (မှန်ပါ့) မျက်လုံးနဲ့ကြည့်လို့ မြင်တာမှမဟုတ်ဘဲ ...(မှန်ပါ့) ဉာဏ်နဲ့ကြည့်ရမယ်.... (မှန်ပါ့ဘုရား)။

အင်း....မြင်တော့ သုခဝေဒနာ အလုပ်ပါကလား၊ သုခဝေဒနာ ပေါ်နေတာပါကလားဆိုတော့ မရှင်းလား(ရှင်းပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဦးမာဒင်ပဲ အကဲခတ်ပါတော့၊ ဦးလှဘူးပဲ အကဲခတ်ပါတော့ ပုဂ္ဂိုလ် သတ္တဝါ ပျောက်နေပြီ....(ပျောက်နေပါပြီဘုရား) ငါကော....(ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် ငါဟူသော ထင်မှတ်မှုမှ ဆိတ်သုဉ်းတယ် (မှန်ပါ့) သုညတဖြစ်နေပြီ....(မှန်ပါ့)။

ဒါဖြင့် စောင့်ကြည့်ပါဦးလို့ ဆိုတော့ ဒီဝေဒနာကလေး ဟာလဲ နောက်ပန်ကာလေ မလာလို့ရှိရင် ပျက်ပြန်တယ် ....

http://www.dhammadownload.com



(မှန်ပါ)မပျက်ဘူးလား....(ပျက်ပါတယ်ဘုရား) အပျက်မြင်လိုက်တဲ့အခါကျတော့ ငါ့ဥစ္စာကော.... (ပျောက်ပါတယ်ဘုရား) ဟုတ်သေးရဲ့လား... (မဟုတ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ငါ-ငါ့ဥစ္စာမဟုတ်လို့ သိတဲ့ဉာဏ်ကလေးသည် ဒီသုညတ သူ့အပေါ်မှာ ငါ-ငါ့ဥစ္စာ ဆိတ်သုဉ်းတာကို သိတဲ့ဉာဏ်....(မှန်လှပါ) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်သိတဲ့ဉာဏ်သည် ငါ-ငါ့ဥစ္စာ ဆိတ်သုဉ်းတာ သိတဲ့ဉာဏ်—(မှန်ပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီဉာဏ်သည် ပထမဝိပဿနာဉာဏ်- (မှန်ပါဘုရား) ရှုပါများရင်.. မဂ်ဉာဏ်ဖြစ်ရမယ်(မှန်ပါ)။

ရှုပါများရင်-(မဂ်ဉာဏ်ဖြစ်ရပါမယ်ဘုရား)မုန်းလာမယ်၊ ဒီသုညတတွေဟာ သုညတလဲ ဟုတ်တာပဲ၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခလဲ ဟုတ်တာပဲ.... (မှန်ပါ) 'ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ' ဆိုပြီး ဉာဏ်တက်လိုက်.... (မှန်ပါဘုရား)သြော်.... ဖြစ်တာလဲဒုက္ခပဲ၊ ပျက်တာကော.... (ဒုက္ခပါပဲဘုရား)။

ဒီလို ဉာဏ်တက်လိုက်တဲ့အခါ ဒုက္ခကို ပရိညေယျနဲ့ပိုင်းခြားသိလိုက်တယ်(မှန်ပါ)ဖြစ်လာတာလဲဒုက္ခပဲ၊ ပျက်တာလဲဒုက္ခပဲ၊ ဒီအထဲ ဒုက္ခမှတစ်ပါး ဘာမှမရှိလို့ ဆုံးဖြတ်ချက်ချလိုက်လို့ရှိရင် ဒါ....ပရိညေယျနဲ့ ပိုင်ပိုင်နိုင်နိုင်သိတာပဲ-(မှန်ပါ) မသိသေးဘူးလား....(သိပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီကဲ့သို့ စိုင်ပိုင်နိုင်နိုင် သိလိုက်တဲ့အခါကျတော့ ဒီမဂ်ဟာ ဝိပဿနာမဂ်က လောကုတ္တရာမဂ်ဖြစ်သွားတယ်(မှန်ပါ) မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား) ရှင်းပြီ ...(ရှင်းပါပြီဘုရား )။

ဒါဖြင့် လောကုတ္တရာမဂ် ဖြစ်သည်နဲ့ တစ်ပြိုင်နက်တည်း ခုနင်က ဖြစ်ပျက်တာတွေဟာ ဇကာသစ်ရေ .. အကုန်ချုပ်ဆုံးရမယ်.... (ချုပ်ဆုံးရပါမယ်ဘုရား) ချုပ်ဆုံးသွားတဲ့အခါကျတော့ ဒီဘက်မှာ နိရောဓသစ္စာ ပေါ်မပေါ် .... (ပေါ်ပါတယ်ဘုရား)ဒါဖြင့် ဒုက္ခနိရောဓော နိဗ္ဗာန် ... (မှန်ပါ) ဒုက္ခနိရောဓော....(နိဗ္ဗာန်ပါဘုရား)။

ဒကာ ဒကာမတို့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခလဲ ကိုယ့်ဉာဏ်ထဲမှာလဲ ထင်ပါရော ဒုက္ခတွေကော ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဘုရား)ဒါဖြင့် ဒုက္ခနိရောဓော .... (နိဗ္ဗာန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီဘက်က ဒုက္ခနိရောဓော နိဗ္ဗာန်လဲပေါ်ပါရော ဒီဘက်က တဏှာနိရောဓော နိဗ္ဗာန်လဲ ဖြစ်သွားမယ် (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

တဏှာနိရောဓော (နိဗ္ဗာန်ပါဘုရား) ဟော မဂ်သည်ကား လို့ ဆိုရင်ဖြင့် ဒုက္ခကိုလဲ ဒကာ ဒကာမတို့ သိတယ်၊ နိဗ္ဗာန်ကိုလဲ မြင်တယ်(မှန်ပါ) တဏှာကိုလဲ သတ်တယ်(မှန်ပါ) မဂ်ကိစ္စသည် သေးသလား ... (မသေးပါဘုရား)သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါကြောင့် အဋ္ဌကထာ ဆရာများ ဥပမာပြတော့ လှေတစ်ခုကို ဒကာသစ်ရေ.... ဝန်တင်လိုက်စမ်းပါ.... (မှန်ပါ)

http://www.dhammadownload.com



ဒီဘက်ကမ်းက ဟိုဘက်ကမ်းကို လှော်ပြီးပို့လိုက်ဗျာ(မှန်ပါ)။

လှေကိုစွသည် ဒကာ ဒကာမတွေ ဝန်ကိုလဲ ဟိုဘက်ရောက်အောင်ပို့တယ်.... (ပို့ပါတယ်ဘုရား) ရေကိုလဲ ဖြတ်တယ် .... (ဖြတ်ပါတယ်ဘုရား) ဒီမှာဘက်ကမ်းမှလဲခွာတယ်.... (ခွာပါတယ်ဘုရား) ဟိုမှာဘက်ကမ်းလဲ ရောက်တယ် .... (ရောက်ပါတယ်ဘုရား) အင်း.... လှေသည် ဘယ်နှစ်လုပ် လုပ်ပါလိမ့်-(လေးလုပ်ပါဘုရား)။

ဒီမှာဘက်ကမ်းမှ ခွာတာလဲ လှေပဲ (မှန်ပါ) ဟိုမှာ ဘက်ကမ်းပို့တာလဲ.... (လှေပါပဲဘုရား)၊ ဝန်ကိုဆောင်တာလဲ.... (လှေပါပဲဘုရား)၊ ရေဖြတ်တာလဲ(လှေပါပဲဘုရား)၊ ဩော်.... လှေသည် ဘယ်နှစ်လုပ် လုပ်ပါလိမ့်....(လေးလုပ်ပါဘုရား)။

အဲ.... ဒီမှာလဲ ခင်ဗျားတို့ အားထုတ်နေတဲ့မဂ္ဂင်ဟာ တဏှာဖြတ်တာလဲ သူပဲ.... (မှန်ပါဘုရား)၊ ဒုက္ခဝန်ကြီးတွေကို ချုပ်ကင်းအောင် လုပ်တာလဲ (သူပါပဲဘုရား)၊ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်း ပို့တာကော (သူပါပဲဘုရား)၊ ဤမှာဘက်ကမ်းတည်းဟူသော သက္ကာယဒိဋ္ဌိနယ်မှ ခွါတာကော ... (သူပါပဲဘုရား)။

ဩော်....ဒါဖြင့် ဒိုမဂ်သည်ကား.... လို့ ဆိုရင်ဖြင့် ဘာမှ သံသယရှိဖို့မလိုဘူး၊ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက် ကမ်းကို သူပို့တာပဲ.... (မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဥပေက္ခာဝေဒနာကလေး တစ်လုံးကျန်သေးတယ်(မှန်ပါ) ကဲ-မျက်လုံးထဲမှာမြင်ကာမျှမ တွ ဘာ

http://www.dhammadownload.com



ဝေဒနာတိုး (ဥပေက္ခာဝေဒနာပါဘုရား) ကြွားကာမျှမတ္တ.... (ဥပေက္ခာ ဝေဒနာပါဘုရား) နံကာမျှမတ္တ ... (ဥပေက္ခာ ဝေဒနာပါဘုရား) ဒါ... အလုပ်သင်နေတာနော်.... (မှန်ပါ့) စားကာမျှမတ္တ... (ဥပေက္ခာဝေဒနာပါဘုရား) အဲ.... လျှာပေါ်မှာ ပေါ်တာကလေးဟာ ဥပေက္ခာဝေဒနာ... (မှန်လှပါ) ဝမ်းထဲမှာ အလုံးစုံအကုန် ဒကာ ဒကာမတို့ ကမ္ဘာသာကာ ထား နိုင်တာတွေကော.... (ဥပေက္ခာဝေဒနာပါဘုရား)။

အဲဒီ.... ဥပေက္ခာ ပေါ်တိုင်း-ပေါ်တိုင်း ဥပေက္ခာ ငါးခုပေါ့ဗျာ... (မှန်ပါ့) အဲဒါ ပေါ်တိုင်း-ပေါ်တိုင်း ပေါ်လာတာသိလို့ ရှိရင်ဖြင့် ဥပေက္ခာလို့ သိလိုက် .... (မှန်ပါ့) ငါပြုတ်ပြီ (မှန်ပါ့) ပျက်သွားတာမြင်လိုက်တော့ ...(ငါ့ဥစ္စာ ပြုတ်ပါတယ်ဘုရား) ငါ့ဥစ္စာပြုတ်တယ်.... (မှန်ပါ့) သဘော ကျပလား. (ကျပါပြီဘုရား)။

ဥပေက္ခာကလေး ပေါ်လာတာသိတော့-(ငါပြုတ်ပါတယ်ဘုရား) ပျက်သွားတာသိတော့ ... (ငါ့ဥစ္စာ ပြုတ်ပါတယ်ဘုရား) ငါ့ဥစ္စာ ပြုတ်တယ်ဆိုကတည်းက သုညတဆိုက်မဆိုက် (ဆိုက်ပါတယ်ဘုရား)။

ဒါ.... ငါ-ငါ့ဥစ္စာ မဟုတ်တဲ့တရား ဘယ်သူတုံး.... လို့ မေးလို့ရှိရင် ခုနင်က ဒီအနား ဖြစ်ပျက်ဘုရား.... (မှန်ပါ့) ရှင်း ပလား.... (ရှင်းပါပြီဘုရား)။

ငါ-ငါ့ဥစ္စာ မဟုတ်တဲ့တရား ဘယ်တရားပါလိမ့် ... (ဖြစ်ပျက်ပါဘုရား) တပည့်တော်တို့ ရှုနေတဲ့ ဖြစ်ပျက်ဘုရား .... (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ငါ-ငါ့ဥစ္စာမဟုတ်တဲ့တရား ဘယ်တရားပါလိမ့်....(တပည့်တော်တို့ ရှုနေတဲ့ ဖြစ်ပျက်ပါဘုရား)။

တပည့်တော်တို့ ရှုနေတဲ့ ဖြစ်ပျက်ဟာ ငါ-ငါ့ဥစ္စာမဟုတ်တဲ့တရားပဲ....(မှန်ပါ့)အဖြစ်မြင်ကတည်းက ငါပြုတ်နေပြီ....(မှန်ပါ့ဘုရား) အပျက်မြင်ကတည်းက.... (ငါ့ဥစ္စာပြုတ်ပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ လုပ်နေတဲ့ဖြစ်ပျက်ဟာ ဒိဋ္ဌိခွါပြီးသား (မှန်ပါ့)တဏှာ ခွါပြီးသား-(မှန်ပါ့) ရှင်းပလွှား....(ရှင်းပါပြီဘုရား)ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် တန်းပါဆိုလို့ ရသေးရဲ့လား-(မရပါဘုရား) ဩော်-ဒကာသစ် သေပျော်ပြီ.... (မှန်လှပါဘုရား)။

ဒါဖြင့် ဝေဒနာသုံးပါးတို့ကို ဒကာ ဒကာမတို့မျက်လုံးထဲမြင်တဲ့ ဝေဒနာကလေးပေါ်လာရင် ဥပေက္ခာကလေး ပေါ်တယ်လို့ သိပေးပါ.... (မှန်ပါ့) အင်း....ဒါဖြင့် ငါပြုတ်ပြီ—(မှန်ပါ့ဘုရား)။

ဒါကလေးဟာလဲ ကြည့်ရင်းမတ္တန့်ပဲ ပျောက်ထွက်သွားတယ်- (မှန်ပါ့) ပျောက်ထွက်သွားတော့ ဖြစ်ပြီးပျက်သွားတယ်- (မှန်ပါ့) ပျက်သွားတာ သိလိုက်တော့ ငါ့ဥစ္စာက-(ပြုတ်သွားပါတယ်ဘုရား) ငါ့မျက်လုံး ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

အဲ....နဂိုကလဲ ငါမဟုတ်၊ အပျက်မြင်တဲ့အတွက် ငါ့ဥစ္စာလဲမဟုတ်....(မှန်ပါ့ဘုရား) သဘောကျပြီလား.... (ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒါကြောင့် စာက အဖြစ်မြင်ကတည်းကကွာ...။ အဖြစ်မြင်ကတည်းက ဒကာဒ ကာမတို့ ဥစ္ဆေဒဒိဋ္ဌိလဲ သေပါပြီကွာ....တဲ့၊ (မှန်ပါ့) ပျက်တာမြင်တော့ သဿတဒိဋ္ဌိ သေပါပြီကွာ၊ ဒိဋ္ဌိ ကလဲသေတယ်.... (မှန်ပါ့)ရှင်းပလား ... (ရှင်းပါပြီဘုရား)။

အဖြစ်မြင်လိုက်တော့.... (ဥစ္ဆေဒဒိဋ္ဌိသေပါတယ်ဘုရား) အပျက်မြင်လိုက်တော့.... (သဿတဒိဋ္ဌိ သေပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ပထမ နိဗ္ဗာန် မရောက်ပါနဲ့ ဆိုလို့ မရတော့ဘူး ဒိဋ္ဌိချုပ်တာပဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲ... အခု နောက်ဆုံးပိတ်ပြောလိုက်တော့ ဒိဋ္ဌိကို အဓိက ထားတယ်.... (မှန်ပါ့) သေတော့ ဒိဋ္ဌိနဲ့တွဲနေတဲ့ တဏှာလဲ ရောပြီးတော့သေတာပဲ.... (မှန်ပါ့) မသေပါနဲ့ဆိုလို့ ရရဲ့လား- (မရပါဘုရား)။

သို့သော် အဓိကထားသတ်တာက ဒိဋ္ဌိလို့မှတ်လိုက်(မှန်ပါ့) သုညတတရားမှာ ဒိဋ္ဌိအဓိက ထားသတ်တယ်.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အဖြစ်မြင်လိုက်ရင် ဘယ်ဒိဋ္ဌိ သေသတုံး.... (ဥစ္ဆေဒဒိဋ္ဌိသေပါတယ်) အပျက် မြင်လိုက်ရင်.... (သဿတဒိဋ္ဌိ သေပါတယ်ဘုရား)။

အဲ....အဖြစ်ဆိုတာတဲ့ ဖဿပစ္စယာ ဝေဒနာကိုး.... (မှန်ပါ့) ဒီကတည်းက အဖြစ်ကို မြင်လိုက်ကတည်းကိုက အကြောင်း ကြောင့် အကျိုးဖြစ်တာ သိလိုက်ကတည်းကိုက ဥစ္ဆေဒဒိဋ္ဌိ ရှိသေးရဲ့လား.... (မရှိပါဘုရား) အပျက်မြင်လိုက်ကတည်းကို

http://www.dhammadownload.com



က, ခိုင်တာရှိသေးရဲ့လား… (မရှိပါဘုရား)၊ ဖဿ ချုပ်လို့ ဝေဒနာချုပ်တာပဲလို့ အပျက်မြင်လိုက်ကတည်းကိုက သဿတ ဒိဋ္ဌိ ရှိသေးရဲ့လား…. (မရှိပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကိုမြင်တဲ့ ဒကာဒကာမများ ဒိဋ္ဌိနှစ်ပါး သေတဲ့ ပထမနိဗ္ဗာန် ရောက်မယ်…. (မှန်ပါ) သက္ကာယဒိဋ္ဌိက တော့ သူတို့နှစ်ခုသေရင် ချေပြီးသေတာပဲ…. (မှန်ပါ)၊ ရှင်း ပလား…. (ရှင်းပါပြီဘုရား)။

ဒါဖြင့် သက္ကာယ ဒိဋ္ဌိကိုလဲ စောစောက ဖြုတ်ခဲ့ပါပြီ… (မှန်ပါ) သဿတ ဥစ္ဆေဒကိုလဲ အခုနောက်ဆုံးပိတ် ဖြုတ်ပေး လိုက်တဲ့ အဖြစ်မြင်လို့ရှိရင် ဥစ္ဆေဒဒိဋ္ဌိသေပြီ (မှန်ပါ) အပျက် မြင်လိုက်ရင်…. (သဿတဒိဋ္ဌိ သေပါပြီဘုရား)။

အထူးသတ်လို့ သေတာလား၊ ဒကာ ဒကာမတို့ အကြောင်း ဖြစ်လို့ အကျိုးဖြစ်တယ်လို့ ခင်ဗျားတို့ သိပြီးသား…. (မှန်ပါ) အကြောင်းချုပ်လို့ အကျိုးချုပ်တယ်ဆိုတာကော…. (သိပြီး သားပါဘုရား)။

အဲဒီတော့ သုညတလဲဆိုက် ဒိဋ္ဌိကလဲသေ ဖြစ်သောကြောင့် 'ဒိဋ္ဌိနိရောဓော နိဗ္ဗာနံ'…. (မှန်ပါ) ပထမ နိဗ္ဗာန် ရတယ်…. (မှန်ပါ) ရှင်းကြပလား…. (ရှင်းပါပြီဘုရား)။

ဒါဖြင့် ရှုကော ရှုတတ်ပလား…. (ရှုတတ်ပါပြီ) ဘယ်ဝေဒ နာ ပေါ်လာ-လာ ဖြစ်ပျက်ရှု…. (မှန်ပါ) သုခပေါ်လဲ…. (ဖြစ်ပျက်ရှုရပါမယ်) ဒုက္ခပေါ်လဲ…. (ဖြစ်ပျက်ရှုရပါမယ်) ဥပေက္ခာပေါ်လဲ….(ဖြစ်ပျက်ရှုရမယ်) ဖြစ်ပျက်ရှုလိုက်လို့ရှိရင် ဖြင့် သုညတာမဆိုက်ဘူးလား…. (ဆိုက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ငါပြုတ်၊ ငါ့ဥစ္စာပြုတ်၊ သဿတပြုတ်၊ ဥစ္ဆေဒပြုတ်၊ သက္ကာယပြုတ်.... (မှန်ပါ့) မပြုတ်ပါနဲ့ဆိုလို့ ရသေးရဲ့လား.... (မရပါဘုရား) ကဲ.... ဘယ်လောက်အဖိုးတန်သတုံး.... (တန်ပါတယ်ဘုရား)။

အဲ့....မောဃရာဇရဟန်းကိုဟောလိုက်တာ မင်း-ဒါသာမြင်လို့ရှိရင် သေမင်းမမြင်နိုင်တဲ့နိဗ္ဗာန် ရောက်ပါပြီကွာ ဆိုတာကော ဟောထိုက် မဟောထိုက်....(ဟောထိုက်ပါတယ်ဘုရား) ရှင်းပြီနော်– (ရှင်းပါပြီဘုရား)။

ကဲ–နာရီဈေ့ပြီ ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု–သာဓု သာဓု။

---

စာမူခွင့်ပြုချက် အမှတ် (၃၇၈/၉၅) (၁၁)

**ထုတ်ဝေသူ** – ဦးအောင်ချို၊ (မြဲ-၀၈၃၁)၊ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်၊ အမှတ်-၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** – ဦးနန္ဒ၊ (၀၃၅၉၇)၊ သီရိနန္ဒာ ပုံနှိပ်တိုက်၊ အမှတ်-၂၁၅၊ ၃၂-လမ်း၊ ရန်ကုန်မြို့။